ရောင်မှုံ
The Mirror

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-11-2003) (၄၀၄၅)

ကာလေန ဓမ္မသဝန်
တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဆက်ကပ်လူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ထောက်လှမ်းရေးမိသားစု(၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ထောက်လှမ်းရေးမိသားစု ဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ကထိန်သင်္ကန်း ဆက်ကပ်လူဒါန်း

ရန်ကုန် နိုဝင်ဘာ ၄

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လူဒါန်းကြသည်။

တက်ရောက်

ဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများဖြစ်ကြသော ဗဟန်းမြို့နယ် မဟာအောင်မြေ ဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့ အမှူးပြုသော အဖွဲ့ဝင်ဆရာတော်ကြီးများနှင့် ပင်ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်ထောက်လှမ်းရေး မိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်အား နေ့ဆွမ်း ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နိုင်ငံတော်မှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလျား ကန်သာ နိုင်ငံတော်အိမ်တော်သို့ သွားရောက်ပြီး ည၌သည်တော်အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရန်ကုန်နိုင်ငံတော်အဆင်းသက်

ထိုနောက် ည၌သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရှေ့ဆောင်ယူသော ရှေ့ပြေးယာဉ်တန်းဖြင့် ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလျား ကန်သာ နိုင်ငံတော်အိမ်တော်သို့ သွားရောက်ပြီး ည၌သည်တော်အိန္ဒိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရှေ့ဆောင်ယူသော ရှေ့ပြေးယာဉ်တန်းဖြင့် ရန်ကုန်နိုင်ငံတော်အဆင်းသက်

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်ဆောင်ဝင်းနှင့် ဦးကျော်သူ၊ သတမန်ရေးရာဦးစီးဌာန ညွှန်ကြား၊ ရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး ထွေ့ဆုံနှုတ်ဆက်စဉ်း၊ (သတင်း-စဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ည၌သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရှေ့ခါဝပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်သည်။

ပုဂံသောင်ဦးသို့ ထွက်ခွာ

ထိုနောက် ည၌သည်တော်အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရှေ့ခါဝပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ဆောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ သံအမတ်ကြီး ဦးကြည်သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များတို့ လိုက်ပါပြီး၊ နံနက်ဒဂုံရီဘဝမိန့်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပုဂံသောင်ဦးသို့ ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရောက်ပုဂိုလ်များ နားနေဆောင်မှ လက်ဆုပ်ယမ်း၍ နှုတ်ဆက်ကြသည်။

(သတင်း-စဉ်)



မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ရင်းနှီးချစ်ကြည်စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မည်

၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းဒေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှု စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းစေရေး အထွက် အပြန်အလှန်လည်ပတ်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ယင်သို့ နိုင်ငဒေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်ကြခြင်းဖြင့် နိုင်ငအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲလာကာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုလျက်ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ည၌သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္ဆရာဘိုင်ရွှန်ဆင်း ရှေ့ခါဝပ်က နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိသဘာမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း နိုဝင်ဘာ ၂ ရက်က မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား သဘာမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် ဗီဇာကင်းလွှတ်ခွင့်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးလဲလှယ်နိုင်ခဲ့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်မစ္ဆာကဲစီဘား၊ လိသည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ် လာရောက်ခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာလ ၃ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် ပုဂံခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အိန္ဒိယသမ္မတနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်က နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုအခြေအနေများ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် တိုးတက်လာမှုများနှင့် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ၏ အပြန်အလှန်လည်ပတ်မှုများသည် အကျိုးရှိပြီး အပြုသဘော ဆောင်သည်ကိုတွေ့ရပေသည်။ ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်လာရောက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ခရီးစဉ်သည်လည်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးကို ပိုမိုတိုးတက်အကျိုးပြုနိုင်မည်ဖြစ်သည်။

အိန္ဒိယဒုတိယသမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်တို့သည် အိန္ဒိယနိုင်ငံ ပါဝင်သက်ဆိုင်သော စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများနှင့်ပတ်သက်၍ အကူအညီပေးရန် ဆွေးနွေးသဘောတူခဲ့ကြသည်။ အထူးသဖြင့် ယင်းစီမံကိန်းများတွင် ကုလားတန်စီမံကိန်း၊ ထမန်သီရေအားလျှပ်စစ်စီမံကိန်း၊ ကလေးတမူလမ်းနှင့် မြန်မာ–အိန္ဒိယ–ထိုင်းနိုင်ငံတို့ ပါဝင်သော သုံးနိုင်ငအဝေးပြေးလမ်းများတို့ ပါဝင်သွားရေး စီမံကိန်းကိစ္စများ ပါဝင်သည်။

ဖွံ့ဖြိုးမှုစီမံကိန်းများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်များ၊ စေလွှတ်ရာတွင် လာမည့်နှစ်၌ ၂၅ ရာခိုင်နှုန်းတိုး၍ သင်တန်းသားဦးရေ ၁၅၂ ဦးအထိ လက်ခံသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက ကမ်းလှမ်းလက်ခံခဲ့ကြပြီးဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံဘက်က ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၇သန်း ရရှိရေးအဆိုပြုတင်ပြခဲ့ရာ အိန္ဒိယနိုင်ငံဘက်က ယင်းကိစ္စနှင့် ပတ်သက်၍ အပြုသဘောတုံပြန်ခဲ့ကြောင်း သိရပေသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ဖလှယ်ရေးနယ်ပယ်၌ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ အထိ ပြည်မီရေးရည်မှန်းဆောင်ရွက်ကြရန် လိုလားလျက်ရှိကြသည်။ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံလုပ် ကုန်စည်များပြပွဲကို ရန်ကုန်မြို့၌ ခင်းကျင်းပြသမည်ဖြစ်ရာ အိန္ဒိယ–မြန်မာကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာရန် အလားအလာကောင်းမွန်လျက်ရှိသည်။

သို့ဖြစ်ရာ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတဒေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ လာရောက်လည်ပတ်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုကို ပိုမိုခိုင်မြဲစေပြီး နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ရွှေနိုင်ငံကုန်ယ် အတွဲ(၂) အမှတ်(၁၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိဝင်ဘာ ၄

ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာအဖွဲ့က ထုတ်ဝေသည့် ရွှေနိုင်ငကုန်ယ် အတွဲ(၂) အမှတ် (၁၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာဝုံ)**

အဆိုပါ ကုန်ယ်တွင် ပုဂံရေဟောင်း ယဉ်ကျေးမှုနယ်မြေ၌ နိုင်ငတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ ခုနစ်ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီး ကျင်းပသည့် သတင်းနှင့် ပုဂံလူထုအစည်းအဝေး ကြေညာချက်၊ နိုင်ငတော်ရှေ့ဆက်သွား၊ မည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း၊ ကြိုဆိုထောက်ခံမဲ့ လူထုအစည်းအဝေးပွဲများမှ ကောက်နုတ်ဆင်ပြုချက်များ၊ တက္ကသိုလ်မြတ်သူ၏ အဘယ်ကြောင့်လူငယ် (၁)၊ ချစ်နိုင်(စိတ်ပညာ)၏ လူ့ဖွဲ့လူကောင်းလေးတွေ ဖြစ်အောင်၊ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်ပြည်ထောင်စုကြိုဆိုရေးနှင့်ဖွံ့ဖြိုးရေး အသင်းများ၏ စည်းရုံးရေး၊ နယ်မြေဖွဲ့ စည်းရုံးလှုပ်ရှား မှု သတင်းများ၊ နိုင်ငတကာဖြစ်ရပ် သတင်းများ၊ နိုင်ငတကာအားကစား သတင်းများ ခုလင်စွာဖော်ပြပါရှိသည်။

ရွှေနိုင်ငကုန်ယ်နှင့် မြန်မာဂုဏ်ရည်မဂ္ဂဇင်းသို့ စာမူများ၊ ကြော်ငြာများ ဃ:ပို့ လိုပါက စာတည်းမှူးချုပ် ပညာရေးရာအဖွဲ့ အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ်ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်သို့ လိပ်မူဝေပို့နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့ သဘောထား

★ **ပြည်ပအား:ကို:ပုဆိန်ရိုး: အဆိုးမြင်ဝါဒီများ:အား: ဆန့်ကျင်ကြ။**

★ **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တို့:တက်ရေးကို နောင့်ယှက်ဖျက်ဆီး:သူများ:အား: ဆန့်ကျင်ကြ။**

★ **နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများ:အား: ဆန့်ကျင်ကြ။**

★ **ပြည်တွင်း ပြည်ပ အဖျက်သမား:များ:အား: ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်း:ကြ။**

ရှည်ကြာခက်ခဲသည့် စစ်ပွဲတွင် ဝမ်းနည်းဖွယ်များကြုံတတ် ရဟတ်ယာဉ်ပစ်ချခံရမှု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပြောဆို

ဖော်လူဂျာ နိုဝင်ဘာ ၄

အမေရိကန်များအား ရဲရဲတင်းတင်း ပစ်မှတ်ထားတိုက်ခိုက်လာသည့် အီရတ်ပြောက်ကျားများက စွန်ပလွံပင်အုပ်များအတွင်း ပုန်းအောင်းနေပြီး အနားယူ အပန်းဖြေရန် နေအိမ်ပြန်ကြမည့် အမေရိကန် စစ်သားများကို တင်ဆောင်လာသည့် ချင်နွတ်ခ်ရဟတ်ယာဉ်ကို တနဂ်နွေနေ့က ပစ်ချလိုက်သဖြင့် အမေရိကန် စစ်သား ၁၆ ဦး သေပြီး၊ ၂၁ ဦး ဒဏ်ရာရရှိသွားသည်။

ရဟတ်ယာဉ်ပစ်ချရာတွင် ဒုံးကျည်များအသုံးပြုကြောင်းဖြင့် မျက်မြင်တွေ့သူများက ပြောဆိုသည်။ ယင်းသို့ ဒုံးကျည်များကို အသုံးပြုခြင်းမှာ အီရတ်မှ အမေရိကန်ဆန့်ကျင်ရေး သမားများ အနေဖြင့် တိုက်ခိုက်ရာတွင် ပိုမိုခေတ်မီကြောင်းကို ပြသလိုက်သည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

အခြားသော အမေရိကန်သုံးဦးမှာ တနဂ်နွေနေ့က သီးခြားသေဆုံးကြရခြင်းဖြစ်သည်ဟု စစ်ဘက်က ကြေညာသည်။

အမြီးပိုင်းထိမှန်

ဒုံးကျည်နှစ်စင်း ပစ်လိုက်ချိန်တွင် ဒုံးကျည်တစ်စင်းက ရဟတ်ယာဉ်၏ အမြီးပိုင်းကိုထိမှန်ပြီး ဘဂ္ဂဒက်မြို့ အနောက်ဘက် လယ်ကွင်းထဲတွင် မီးလောင် ပျက်ကျခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောဆိုသည်။

ဤနေ့သည် အမေရိကန်နိုင်ငံအဖို့ ဝမ်းနည်းဖွယ်ကောင်းသည့် နေ့တစ်နေ့အမှန်ပင်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲက ဝါရှင်တန်မြို့၌ ထုတ်ဖော် ပြောဆိုသည်။

ပြောကြား

ခက်ခဲရှည်ကြာသော စစ်ပွဲတစ်ပွဲတွင် ထိုဝမ်းနည်းဖွယ် နေ့များကို ကြုံတွေ့ကြရဦးမည် ဖြစ်ကြောင်း၊ သို့သော် ယင်းမှာ ရှောင်လွှဲ၍မရကြောင်း၊ ယင်းမှာ ခက်ခဲရှပ်ထွေးလှသည့် စစ်ပွဲတစ်ပွဲ၏ အစိတ်အပိုင်းလည်း ဖြစ်ကြောင်း ဝန်ကြီးရမ်းစဖဲက ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်း အကြီးအကျယ် ဖောက်ခွဲဖျက်ဆီးခံရ

တီကရစ် နိုဝင်ဘာ ၄

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၂၆၀ ခန့်အကွာ ကယ်ကွတ်မြို့အနီး ရေနံပိုက်လိုင်း တစ်စိတ်တစ်ပိုင်းမှာ ဖောက်ခွဲမှုကြောင့် ပျက်စီးသွားကြောင်း ကုမ္ပဏီအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

ဆာမာရာမြို့အနောက်တောင်ဘက် မက်ရှုအယ်သာသာဒေသအတွင်းရှိ ရေနံပိုက်လိုင်းကို ဗုံးဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း ရေနံပိုက်လိုင်း ညွှန်ကြားရေးမှူး မာဂျစ်မာနန်က ပြောဆိုသည်။

ဤရေနံပိုက်လိုင်းက ဘဂ္ဂဒက်မြို့တော်ရှိ ဒိုရာရေနံချက်စက်ရုံသို့ ရေနံစိမ်းများပေးပို့နေခြင်းဖြစ်သည်ဟုလည်း မာဂျစ်မာနန်က ပြောဆိုသည်။

မွန်းလွဲပိုင်းတွင် အင်အားကြီးသော ပေါက်ကွဲသံတစ်ခု မိမိကြားရကြောင်း၊ ထို့နောက် ရေနံပိုက်လိုင်းမှ မီးတောက်မီးလျှံများ ထွက်လာသည်ကိုလည်း တွေ့မြင်ကြောင်းဖြင့် မျက်မြင်တွေ့ရှိသူ လယ်သမား ဟက်ဆန် မက်ဆာဟက်က ပြောဆိုသည်။

စနေနေ့ကလည်း ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ၂၂၅ ကီလိုမီတာ ကွာဝေးသည့် ဘေဂျီမြို့အနီး ဓာတ်ငွေ့ပိုက်လိုင်းကို ဖျက်ဆီးသည့် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသေးကြောင်း သိရသည်။

အမေရိကန်ဦးဆောင်သည့်တပ်များက ဆက်ဒမ်ဟူစိန်အား ဧပြီ ၉ ရက်က ဖယ်ရှားပြီးကတည်းက ဆက်ဒမ်ဟူစိန်၏ အမာခံနယ်မြေဖြစ်သည့် ဤဒေသမှ ရေနံပိုက်လိုင်းနှင့် ဓာတ်ငွေ့ပိုက်လိုင်းများမှာ ဖျက်ဆီးရေးလုပ်ငန်း များလုပ်ကိုင်ရန် ပစ်မှတ်များဖြစ်လာကြသည် ဆို၏။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာမြို့၏ အပြင်ဘက်တွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်ရန် ဆင်းသက်နေသည့် အမေရိကန် ဘလက်ဟောခ် ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်မည်ခိုက်မည်ဆိုသော ကောလာဟလကြောင့် အီရတ်၌ စီးပွားရေးသမားများ အရောင်းအဝယ်မလုပ်ဘဲပိတ်ထားကြ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

စနေနေ့က အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်သိမ်းပိုက်မှုကို ခုခံတွန်းလှန်ရေးနေ့အဖြစ် သတ်မှတ် တိုက်ခိုက်လိမ့်မည်ဟူသော ကောလာဟလများကို ယုံကြည်စိုးရိမ်ကြသဖြင့် မိဘများက သားသမီးများကို ကျောင်းမသွားစေဘဲ အိမ်မှာပင်နေစေသည့်အတွက် အီရတ်နိုင်ငံတစ်ဝန်းရှိ စီးပွားရေးသမားကလည်း စနေနေ့က အရောင်းအဝယ်မလုပ်ဘဲ ပိတ်ထားလိုက်ကြသည် ဆို၏။

ထိုကောလာဟလကို မည်သူများက လွှင့်ထုတ်သည်ကို အတိအကျမသိရပေ။ သို့သော် အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှိက မေလ ၁ ရက်တွင် ကြေညာပြီးနောက် နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တွင် ပြည်သူများအနေဖြင့် နိုးနိုးကြားကြားရှိကြရန် အမေရိကန် အာဏာပိုင်များက နှိုးဆော်ထားသည်။ ထို့ကြောင့်ပင် မြို့တော် ခြောက်ကပ်နေသည်။

အင်တာနက်။

မီးလောင်ပေါက်ကွဲ

အီရတ်နိုင်ငံတွင် ရေနံပိုက်လိုင်းတစ်ခု မီးလောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးခိုးလိပ်ကြီးများကို အဝေးမှ လှမ်းမြင်နေရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာဝန်ထမ်းများ ဘဂ္ဂဒက်မှရုပ်သိမ်းမှု ပြီးလုနီးပါးရှိဟု ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များပြော

ကုလသမဂ္ဂ နိုဝင်ဘာ ၄

ကုလသမဂ္ဂက ၎င်း၏ နိုင်ငံတကာဝန်ထမ်းများအား အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ ရုပ်သိမ်း၍ပြီးစီးလုနီးပါးရှိပြီး ယခုကျန်ရှိနေသေးသည့် အနည်းအကျဉ်းသော ဝန်ထမ်းများသည် မကြာမီအတွင်း ဘဂ္ဂဒက်မှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက တနလာနေ့တွင် ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်သားများမှာ နေ့စဉ်နေ့တိုင်းနီးပါးလောက် အတိုက်ခံနေရသောကြောင့် ဘဂ္ဂဒက်၏ လုံခြုံရေး အခြေအနေကို ကုလသမဂ္ဂက အကဲဖြတ်နေစဉ် ဝန်ထမ်းများအား ဆိုက်ပရပ်နိုင်ငံသို့ ပို့ဆောင်ထားသည်။

ဘဂ္ဂဒက်ရှိ နိုင်ငံတကာကြက်ခြေနီရုံး လွန်ခဲ့သည့်ရက်သတ္တပတ်က ကားဗုံးဖောက်ခွဲခံရပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဘဂ္ဂဒက်မှ ရုပ်သိမ်းရန်ကြေညာခဲ့သည်။

ကုလသမဂ္ဂဌာနချုပ်ရုံး ဘဂ္ဂဒက်တွင် ဩဂုတ်လ ၁၉ ရက်က ကားဗုံးဖောက်ခွဲခံရပြီးနောက် အီရတ်နိုင်ငံရှိ ပြည်ပအကူအညီပေး အသိုက်အဝန်းအတွက် ယင်းဗုံးဖောက်ခွဲမှုများသည် နောက်ထပ်စိုးရိမ်တုန်လှုပ်ဖွယ်ရာအဖြစ်ရောက်ရှိနေသည်။

ဘဂ္ဂဒက်တွင်ကျန်ရှိနေသေးသည့် ကုလသမဂ္ဂဝန်ထမ်း ၂၀ ခန့် ရွှေ့ပြောင်းရေးအစီအစဉ် ပြီးစီးလုနီးပါးရှိနေပြီဖြစ်ကြောင်း၊ မူအရဆိုပါက ၎င်းဝန်ထမ်းများအားလုံး အီရတ်မှထွက်ခွာသင့်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ ကျန်ဝန်ထမ်းများလည်း မကြာမီအတွင်း အီရတ်မှထွက်ခွာကြမည်ဟု အခြားကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံသို့ အဆိုပါဝန်ထမ်းများ ပြန်လာရန် သို့မဟုတ် အီရတ်နိုင်ငံမှ လုံးလုံးလျားလျား ရုပ်သိမ်းရန်ကိစ္စ မဆုံးဖြတ်မီ ရက်သတ္တနှစ်ပတ်အတွင်း ဆိုက်ပရပ်နိုင်ငံ လာနာကာမြို့ရှိ ဘဂ္ဂဒက်မှ ကုလသမဂ္ဂ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များ ဆက်သွယ်လုပ်ကိုင်လျက်ရှိသည်။

အမ်အင်အေရိုက်တာ။

အီရတ်တွင် ပခုံးထမ်း ဒုံးကျည်များ ပြန့်ကျဲနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်တက်လျက်ရှိရာ တနဂ်နွေနေ့က ရဟတ်ယာဉ် ပျက်ကျမှုအကြောင်းရင်းကို အမေရိကန်တာဝန်ရှိသူများက မသိရှိရသေးကြောင်း ပြောကြားနေသော်လည်း မျက်မြင်တွေ့ရှိသူများက ပခုံးဖြင့်ထမ်း၍ ပစ်နိုင်သည့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ထိမှန်ခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

စိုးရိမ်

ယခုကဲ့သို့ အလွယ်တကူ တပ်ဆင်ပစ်လွှတ်နိုင်သည့် ဒုံးကျည်များ၏ အန္တရာယ်ကို အီရတ်စစ်ပွဲစတင်ကတည်းက စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက စိုးရိမ်ခဲ့ကြသည်။ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲက အီရတ်နိုင်ငံတစ်ဝန်း၌ ယင်းဒုံးကျည်များ မြောက်မြားစွာ ပြန့်ကျဲ နေကြောင်း ပြောကြားခဲ့ပြီး ဝေဖန်သူများက ဒုံးကျည်လက်နက် ခြောက်သောင်းခန့်ကို အဆောင်အရှောက်မရှိဘဲ ထားခြင်းအတွက် ပြစ်တင်ပြောကြားနေကြသည်။

၁၄ ပေါင် ဒုံးကျည်

လေကြောင်းလိုင်းဆိုင်ရာ တာဝန်ရှိသူများက ဒုံးကျည်များသာမက မော်တော်ယာဉ်တစ်စီးအတွင်း ထည့်သွင်းသယ်ဆောင်နိုင်သော ၁၄ပေါင် ဒုံးကျည်သည်လည်း အမေရိကန်လေယာဉ်နှင့် ရဟတ်ယာဉ်များအတွက် အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

စီအင်နှ်အင်နှ်။

နိုဝင်ဘာ ၃ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက် ၆၅ ကီလိုမီတာ အကွာ ဖော်လူဂျာမြို့လယ်တွင် ကင်းလှည့်နေသည့် အမေရိကန် သံချပ်ကာတပ်မှ တပ်သားများ အား ကျောက်ခဲများဖြင့် ပစ်ပေါက် နေသည့် အီရတ်ကလေးငယ်များ ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန် ၁၉ ဦး တနင်္ဂနွေနေ့က သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၄

ရဟတ်ယာဉ်ပစ်ချခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးမှုအပါအဝင် အီရတ်နိုင်ငံအတွင်း ပြောက်ကျား များ၏ တိုက်ခိုက်မှုကြောင့် တနင်္ဂနွေနေ့က အမေရိကန် ၁၉ဦး သေဆုံးသွားသည်။

ဆက်ဒမ်ဟူစိန်အား ဖယ်ရှားရန် အမေရိကန်ဦးဆောင် သည်တပ်များ အီရတ်အား ကျူးကျော်တိုက်ခိုက်သည် အချိန်မှစပြီး တစ်နေရာတည်းတွင် အမေရိကန် ၁၆ဦး သေဆုံးခြင်းမှာ အမေရိကန်တို့အဖို့ အများဆုံးဖြစ်သည်။

ထို့ပြင် မတ်လ ၂၀ရက်တွင် စတင်ကျူးကျော် တိုက်ခိုက်သည်နောက်ပိုင်း တစ်နေ့တည်းတွင် အမေရိကန် စစ်သားသေဆုံးမှုမှာ တနင်္ဂနွေနေ့က ဒုတိယအများဆုံး သေဆုံးသည့်နေ့ဖြစ်သည်။ တစ်ရက်တည်း အမေရိကန် အများဆုံး သေရသည့်နေ့မှာ မတ်လ ၂၃ ရက် ဖြစ်သည်။ ထို့နေ့က အမေရိကန်စစ်သား ၂၈ဦးသေဆုံးခဲ့သည်။

အမေရိကန် စစ်သားတစ်ဦးမှာ ဘဂ္ဂဒက်မြို့တော် အတွင်း ဗုံးဖောက်ခွဲမှုခံရပြီး တနင်္ဂနွေနေ့က သေဆုံးသွား ပြီး အမေရိကန်အရပ်ဘက် ကန်ထရိုက်နှစ်ဦးမှာ ဖော်လူဂျာမြို့ လမ်းဘေးမိုင်းဗုံးပေါက်မှုတွင် တနင်္ဂနွေနေ့က သေဆုံးကြရ ခြင်းဖြစ်သည်။

၂၁ ဦး ဒဏ်ရာရရှိ

အနားယူရန် ခွင့်ရသည့် အမေရိကန်စစ်သားများကို တင်ဆောင်လာသော ချင်နွတ်ခ်ရဟတ်ယာဉ်သည် ဗုံးထိမှန် ခံရပြီးနောက် ဖော်လူဂျာမြို့တောင်ဘက် ဘေဆာကျေးရွာ အနီး လယ်ကွင်းထဲသို့ တနင်္ဂနွေနေ့ နံနက် ၉ နာရီခန့်က ပျက်ကျသည်။ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အခြားစစ်သား ၂၁ ဦးမှာ ဒဏ်ရာရရှိသွားသည်။

မီးခိုးများထွက်နေသော ပျက်ကျသည့် ရဟတ်ယာဉ်၏ အပေါ်ကောင်းကင်ယံတွင် အခြားသော ရဟတ်ယာဉ်များက ပိုင်းပတ်ပျံသန်းကာ စောင့်ကြည့်လျက်ရှိပြီး အမေရိကန် စစ်သားများကလည်း ထိုတစ်ဝိုက်ကို လုံခြုံရေးချထားလိုက် သည်။ ထို့သို့ ရဟတ်ယာဉ်ပစ်ချခံရသည့်အတွက် အီရတ် ပြည်သူများက ဝမ်းသာဂုဏ်ယူလျက်ရှိသည်။ အမေရိကန် များသည် လူသား၏ ရန်သူများဖြစ်သည်ဟု ၎င်းတို့က ပြောဆိုသည်။

ထိုရဟတ်ယာဉ် ပစ်ချခံရခြင်းမှာ အီရတ်တွင် တိုက်ပွဲ ကြီးများပြီးဆုံးသွားပြီ ဖြစ်ကြောင်း သမ္မတဘုရှ်က ကြေညာ ပြီးနောက် အမေရိကန်တို့၏ တတိယမြောက် ပစ်ချခံရသည့် ရဟတ်ယာဉ်ဖြစ်သည်ဟု သိရသည်။ **အင်တာနက်။**

သမ္မတဘုရှ်အား ပြည်သူတို့ထောက်ခံမှု ကျဆင်းနေ ဒီမိုကရက်တစ်ပါတီအား ရွေးကောက်ပွဲတွင် မဲပေးမည်ဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်ပြည်ထောင်စုတွင် သမ္မတရွေးကောက်ပွဲမကျင်းပမီတစ်နှစ်တွင် အမေရိကန်ပြည်သူ ပြည်သားများအနေဖြင့် သမ္မတဘုရှ်နှင့် ၎င်း၏ပြိုင်ဘက် ဒီမိုကရက်တစ်အမတ်များအကြား သဘောထားကွဲလွဲနေကြပြီဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာနှင့် အောဘီစီသတင်းဌာန လူထုစစ်တမ်း ကောက်ယူမှုအရ တနင်္ဂနွေနေ့တွင် သိရသည်။

သမ္မတဘုရှ်အားထောက်ခံမှုသည် ကျဆင်းလျက်ရှိပြီး ရွေးကောက်ပွဲသာ ယနေ့ကျင်းပမည် ဆိုပါက ၄၀ရာခိုင်နှုန်းသော အမေရိကန်တို့က ဘုရှ်အားမဲပေးမည်ဖြစ်ပြီး ၄၇ရာနှုန်းသော အမေရိကန်တို့က ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူအား မဲပေးမည်ဟု ပြောကြားကြကြောင်း အဆိုပါ စစ်တမ်းက ဖော်ပြသည်။

မထောက်ခံ

အမေရိကန်ပြည်ထောင်စုသည် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီးနောက် သမ္မတဘုရှ်အား ထောက်ခံသူလူထု ၉၀ရာခိုင်နှုန်းရှိပြီး ယခုအခါ ၅၆ ရာခိုင်နှုန်းထိအောင် ကျဆင်းခဲ့ရာ ၄၂ ရာခိုင်နှုန်းသောပြည်သူက ဘုရှ်အား မထောက်ခံခဲ့ကြကြောင်း လူထုသဘောထား စစ်တမ်းအရသိရသည်။ သမ္မတဘုရှ်က အီရတ်နိုင်ငံကိစ္စထက်အကြမ်းဖက်မှုအပေါ် တိုက်ပွဲဆင်ခွဲခဲ့သည့် ကိုင်တွယ်မှုကို ပိုမိုကြိုက်နှစ်သက်ကြသည်ဆို၏။

သမ္မတဘုရှ်အားဆန့်ကျင်မှုပမာဏသည် မြင့်တက်နေပြီး အာဖဂန်နစ္စတန်နှင့်အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများနှင့် စစ်စရိတ်ရန်ပုံငွေအတွက် အမေရိကန်သမ္မတဘုရှ်က အမေရိကန်ဒေါ်လာ ၈၇ဘီလျံဆောင်းခံထားမှုကို ၆၄ရာခိုင်နှုန်းသောအမေရိကန်တို့က ဆန့်ကျင်လျက်ရှိသည်။

အမေရိကန်ပြည်သူလူထုက ၎င်းတို့နိုင်ငံအတွင်း အလုပ်လက်မဲ့ဖြစ်မှုများနှင့် အီရတ်ရှိ အမေရိကန်မစ်ရှင်အဖွဲ့အတွက် စိုးရိမ်ပူပန် နေကြသည်ဟု စစ်တမ်းကဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

လကမ္ဘာလေ့လာရေးပြိုဟ်တု တရုတ်လွှတ်တင်မည်

ဟောင်ကောင် နိုဝင်ဘာ ၃

တရုတ်ပြည်သည် လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း ၎င်းနိုင်ငံ၏ ပထမ ဦးဆုံး လကမ္ဘာ လေ့လာရေးပြိုဟ်တု လွှတ်တင်မည်ဖြစ်ကြောင်း တရုတ် ပြည် ပထမဆုံး လူလိုက်ပါသည့် အာကာသမစ်ရှင်မှ ဒုတိယအကြီး အကဲက စနေနေ့တွင် ပြောကြား လိုက်သည်။ လကမ္ဘာလေ့လာရေး သည် တရုတ်ပြည် အာကာသ နည်း ပညာ ဖွံ့ဖြိုးတိုးတက်မှု၏ တတိယ မှတ်တိုင်တစ်ရပ် ဖြစ်လိမ့်မည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့များအား ခုခံတွန်းလှန်နေသူများ ပိုမိုညီညွတ်စုစည်းလာ

ဘဂ္ဂဒက် နိုဝင်ဘာ ၄

အီရတ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင် များကို အီရတ်တို့ကတော်လှန်တိုက်ခိုက်လျက်ရှိရာ အမေ ရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းကို တနင်္ဂနွေနေ့က ပစ်ချခဲ့ရာတွင် အီရတ်ခုခံရေးသမားများ ပါဝင်ကောင်း ပါဝင်လိမ့်မည်ဟု အရှေ့အလယ်ပိုင်းဒေသမှ ဆန်းစစ်လေ့ လာသူတစ်ဦးက ပြောကြားလိုက်သည်။ ထို့အပြင် အမေ ရိကန်တို့ကိုခုခံတော်လှန်နေသူများသည် ပိုမိုညီညွတ်စုစည်း လာကြောင်းနှင့် ပိုမိုအင်အားတောင့်တင်းလာနိုင်ကြောင်း ပြောကြားခဲ့သည်။ စီအင်နှ်အင်နှ်။

နိုင်ငံတကာ
သတင်းများ

နိုဝင်ဘာ ၃ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၁၂၀အကွာ တီကရစ်မြို့အပြင်ဘက် အဝေးပြေးလမ်းမ ပေါ်တွင် အီရတ်အမျိုးသမီးများ လိုက်ပါလာသည့်ထရပ်ကား တစ်စီးကို အမေရိကန်စစ်ရဲတပ်ဖွဲ့မှ တပ်သားတစ်ဦးက စစ်ဆေးရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်နက်ဆိုင်ရာမှတ်တမ်းများ လွှဲအပ်ရန် သတ်မှတ်မှု အိမ်ဖြူပျက်ကွက်ခဲ့ကြောင်း ရီပတ်ဘလီကင်အမတ် ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန် တရားမျှတကြောင်း ဆင်ခြေပေးခဲ့သည့် လူအစုအပြုလိုက်သေဆေသည့် အဖျက် လက်နက်များဆိုင်ရာ ထောက်လှမ်းရေး မှတ်တမ်းမှတ်ရာ များအား လွှဲပြောင်းပေးရန် သောကြာနေ့ မွန်းလွဲပိုင်းကို နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ထားမှုကို အိမ်ဖြူတော်က ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့ကြောင်း အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ ရီပတ်ဘလီကင် အမတ်တစ်ဦးက ပြောကြားလိုက် သည်။

မျှော်လင့်ထား

သို့ရာတွင် ကင်းဆပ်ပြည်နယ် အထက်လွှတ်တော် အမတ် ပက်ရောဘတ်က အမေရိကန်ဗဟို ထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနက ကောင်းမွန်စွာ တုံ့ပြန်ခဲ့ကြကြောင်း ဖော်ပြပါ အထက် လွှတ်တော်ကော်မတီက အေဂျင်စီနှစ်ခုလုံးထံမှ မှတ်တမ်း မှတ်ရာများကို ဖော်ပြပါနေ့နှောင်းပိုင်းတွင် လက်ခံရရှိ နိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ထားသည်။

အိမ်ဖြူတော်က ယနေ့အထိ နောက်ဆုံးသတ်မှတ်ချက် ကို ဖြည့်ဆည်းပေးခြင်း မရှိခဲ့ကြောင်း အိမ်ဖြူတော်က ဖော်ပြပါကော်မတီ၏ ကြိုးပမ်းမှုများ၏ အရေးပါပုံနှင့် ယင်းကြိုးပမ်းမှုများကို အမြန်ဆုံးလိုက်နာမည်ဟု မိမိ ထင်မြင်ကြောင်း ရောဘတ်က ပြောကြားသည်။

တောင်းဆိုထား

အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက ၎င်းမှတ်တမ်းမှတ်ရာများအား လွှဲပြောင်းပေးအပ်ရန် အစိုးရ အဖွဲ့ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များသို့ ယခုရက်သတ္တပတ်က စာရေး၍ တောင်းဆိုထားသည်။

လှုံ့ဆော်

ယင်းကဲ့သို့ ဆောင်ရွက်ရခြင်းသည် အီရတ်နိုင်ငံစစ်ပွဲ ဖြစ်စေခဲ့သည့် အမေရိကန်ထောက်လှမ်းရေး သတင်းအမျိုး အစားအား သုံးသပ်စစ်ဆေးရန်အတွက် လွန်ခဲ့သည့်ငါးလ ခန့်က တောင်းခံခဲ့သော သတင်းအချက်အလက်များကို အစိုးရအဖွဲ့က ဖြည့်ဆည်းပေးပါရန် လှုံ့ဆော်သည့်အနေဖြင့် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အောက်လွှတ်တော် မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အရေး ဘုရှ်၏ ကြားလုံးများ တစ်စတစ်စ မှေးမှိန်သွား

ကရာဖို့(တက္ကဆက်) နိုဝင်ဘာ ၄

အီရတ်နိုင်ငံ စစ်ပွဲလွန်ခေတ်အတွင်း အီရတ်နိုင်ငံသား အကြမ်းဖက် တိုက်ခိုက်သမားများ ဘေးအန္တရာယ် သက်ရောက်စေမည်ဟု တစ်ချိန်က ထေ့ငေါ့ပြောဆိုခဲ့သည့် အမေရိကန်သမ္မတ ဂျာ့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ ကြွားလုံးများမှာ အမေရိကန်တပ်သားများအား သေစေလောက်သည့် ခုခံတိုက်ခိုက်မှုများ ပို၍ပို၍ ဖြစ်ပေါ်နေမှုကြောင့် ၎င်းတို့ကို ချေမှုန်းရန် ဆုံးဖြတ်ချက်မှာ မှေးမှိန်သွားပြီဖြစ်သည်။

တွေ့မြင်နေရ

ယနေ့ ဖြစ်ရပ်များမှာ အနှစ်သာရအားဖြင့် ဆိုးရွားသည်ထက် ဆိုးရွားလာနေပြီဖြစ်ကြောင်း၊ အမေရိကန်အပေါင်းပါ တပ်သားများအား တိုက်ခိုက်တွန်းလှန်ရန်အတွက် ရရာပစ္စည်းများဖြင့် ဖြစ်ကတတ်ဆန်း ပြုလုပ်သော ဗုံးများကို ပို၍ခေတ်မီစေရန် အသုံးပြုနေသည်ကို မိမိတို့ မကြာခဏ တွေ့မြင်နေရကြောင်း အီရတ်ရှိ အထက်တန်း အမေရိကန်အရပ်သားအုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက စီအင်န်အင်န် ရုပ်မြင်သတင်းဌာနအား ပြောကြားသည်။

တဖွဖွပြောကြား

သို့ရာတွင် ဘုရှ်အစိုးရက အီရတ်နိုင်ငံမှ ပြန်လည်မဆုတ်ခွာရန် သန့်ဌာန်ချမှတ်ထားပြီး အဖြစ်မှန်နှင့် သတင်း ကွာဟချက်ရှိသည်ဟု ကျယ်ပြန့်စွာ စွပ်စွဲနေမှုကြားမှ အီရတ်နိုင်ငံဆိုင်ရာ မူဝါဒမှာ ပြီးမြောက်အောင်မြင်သည်ဟု ဆက်လက်၍ တဖွဖွပြောကြားနေသည်။ ဘုရှ်သည် တက္ကဆက်ရှိ စိုက်ပျိုးရေးခြံကြီးတစ်ခြံတွင် တနင်္ဂနွေနေ့က ရောက်ရှိနေပြီး အမေရိကန်ရဟတ်ယာဉ်တစ်စင်းအား ပြောက်ကျားများက တိုက်ခိုက်မှုကို ဝေဖန်ပြောကြားမှု မရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

ဆွန်နီ ကြိုဂံဒေသ၏ လုံခြုံရေးအခြေအနေ ပြဿနာ သောင်းပြောင်းထွေလာ ဖြစ်ပွားနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၃

အမေရိကန် ရဟတ်ယာဉ်တစ်စင်းအား ပြောက်ကျားများက တနင်္လာနေ့က ပစ်ချခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဆွန်နီကြိုဂံဟု ခေါ်ဆိုနေကြသည့် ဒေသ၏ လုံခြုံရေးအခြေအနေသည် သောင်းပြောင်းထွေလာ ပြဿနာများ ဖြစ်ပွားရာ ဒေသ ဖြစ်လျက်ရှိကြောင်း အီရတ်ရှိ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက စီအင်န်အင်န်သတင်းဌာနနှင့် တွေ့ဆုံရာတွင် ပြောကြားလိုက်သည်။

ဆိုးရွား

ယနေ့အချိန်အခါတွင် လွတ်လပ်မှု၏ ရန်သူများအနေဖြင့် မိမိတို့၏ တပ်သားများအား တိုက်ခိုက်ရန် အတွက် ခေတ်မီဆန်းပြားသည့် မဟာဗျူဟာများ အသုံးပြုနေကြသည်မှာ ဆိုးရွားလှကြောင်း ဘရီမာက ပြောကြားသည်။

ပျက်ကျ

အမေရိကန် စစ်ဘက်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာမြို့ အနီးတွင် မည်သည့် လက်နက်မှန်း မသိရသည့် လက်နက်ဖြင့် ပစ်ခတ်မှုကြောင့် ပျက်ကျသွားပြီးနောက် ဘရီမာက ဖော်ပြပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော်တွင် လမ်းဘေးထောင်ထားသည့်ဗုံး နင်းမိသောကြောင့် အမေရိကန် ကင်းလှည့်ယာဉ်တစ်စီး ထိခိုက်ပျက်စီးပြီး အခြားအမေရိကန် စစ်သားတစ်ဦး တနင်္ဂနွေနေ့က သေဆုံးခဲ့သည်။

အပြစ်ဖို့

ဖော်လူဂျာတစ်ဝိုက်တွင် ပုန်းအောင်းနေသည်ဟု ယူဆရသည့် ပြည်ပတိုက်ခိုက်ရေးသမားများနှင့် ဆက်ဒမ်ဟူစိန်၏ ဖေဒါယင်း ပြည်သူ စစ်များအား ယင်းသို့ အရှိန်မြင့်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဘရီမာက အပြစ်ဖို့ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ဆေး

နိုဝင်ဘာ ၃ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ အပြင်ဘက် လမ်းတစ်လမ်းပေါ်ရှိ စစ်ဆေးရေးစခန်းတွင် သံဆူးကြိုးများချ၍ ကားများကို ရှာဖွေစစ်ဆေးနေသည့် အမေရိကန် အမှတ်(၄)ခြေလျင်တပ်မမှ တပ်သားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



နယ်စပ်လုံခြုံရေး အစည်းအဝေး အီရတ်အား မဖိတ်ကြား၍ ဝေဖန်

ဘဂ္ဂဒက် နိုဝင်ဘာ ၄

နယ်စပ်လုံခြုံရေးနှင့် စပ်လျဉ်း၍ အိမ်နီးချင်း နိုင်ငံများ ရက်သတ္တပတ်ကုန်တွင် တွေ့ဆုံမည့် ဆွေးနွေးပွဲသို့ မိမိတို့အား ဖိတ်ကြားခြင်းမရှိဟု အီရတ်နိုင်ငံက သောကြာနေ့က ထုတ်ဖော်ပြောကြား လိုက်ပြီးနောက် အိမ်နီးချင်းနိုင်ငံများ ချမှတ်ကောင်း ချမှတ်မည့် မည်သို့သော ဆုံးဖြတ်ချက်ကိုမဆို အီရတ်က လက်ခံမည် မဟုတ်ကြောင်း ကြေညာလိုက်သည်။

ဝမ်းနည်းကြောင်းပြောဆို

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ စနေနေ့တွင် စတင်မည့် အိမ်နီးချင်း ခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဖိတ်ကြားခြင်း မပြုသည်အတွက် ဝမ်းနည်းကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

အစည်းအဝေးတွင် အီရတ်နိုင်ငံ၏ နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေနှင့်တကွ ယင်း၏ဒေသတွင်း ရိုက်ခတ်မှုအပေါ် ဆွေးနွေးမည်ဖြစ်သဖြင့် အစည်းအဝေးသို့ အီရတ်နိုင်ငံအား တက်ရောက်ရန် ဖိတ်ကြားလျှင် ပိုမိုသင့်လျော်ပြီး လိမ္မာရာကျလိမ့်မည်ဟု အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လိုက်နာမည် မဟုတ်

ဤအစည်းအဝေးသို့ အီရတ်နိုင်ငံ မတက်ရောက်ရသမျှ ကာလပတ်လုံး မည်သည့်အစည်းအဝေး ဆုံးဖြတ်ချက်ကိုမဆို မိမိတို့က လက်မခံ၊ လိုက်နာမည် မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောဆိုသည်။

လက်ခံကျင်းပမည်

အီရတ်နိုင်ငံဆိုင်ရာ နှစ်ရက်ကြာ အစည်းအဝေးကို တူရကီ၊ အီရန်၊ ဂျော်ဒန်၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ပြီး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ကြေညာသည်။

အင်တာနက်။

နိုဝင်ဘာ ၃ ရက်က ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် မီးလောင်ပျက်စီးနေသည့် အမေရိကန်စစ်ကားတစ်စီးဘေးမှ အီရတ်လူငယ်တစ်ဦး စက်ဘီးစီး ဖြတ်သန်းသွားနေစဉ်။ (အဆိုပါစစ်ကားကိုဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနှင့် တရုတ် ကုန်သွယ်မှု မြင့်မားစွာ တိုးတက်လာ

ဘေဂျင်း နိုဝင်ဘာ ၄

ယခုနှစ် ပထမကိုးလ အတောအတွင်း တရုတ်-အိန္ဒိယ နိုင်ငံခြား ကုန်သွယ်မှုသည် ၈၅ ရာခိုင် နှုန်းတိုးတက်လာပြီး အာရှဒေသရှိ တရုတ်ပြည်၏ ကုန်သွယ်မှုတွင် အမြင့်မားဆုံးဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ဟိုင်နန်းကျွန်းရှိ ဘောင်အိုမြို့တွင် ကျင်းပလျက်ရှိသော ဒုတိယအကြိမ်မြောက် အာရှဒေသဆိုင်ရာ ဆွေးနွေးပွဲတွင် တနင်္ဂနွေနေ့က ပြောကြားသည်။

ကုန်သွယ်မှုပမာဏ

တရုတ်ပြည်၏ ယခုနှစ် ကုန်သွယ်မှုပမာဏသည် ဂျပန်နိုင်ငံနှင့် ၃၉ရာခိုင်နှုန်း၊ တောင်ကိုရီးယားနှင့် ၅၂ ဒသမ ၈ ရာခိုင်နှုန်း၊ အိန္ဒိယနှင့် ၈၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် အာဆီယံနိုင်ငံများနှင့် ၅၄ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးမြင့်မားခဲ့သည်။

မျှော်မှန်းထား

အိန္ဒိယသည် တရုတ်ပြည်၏ တောင်အာရှဒေသရှိ အကြီးဆုံးကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် အိန္ဒိယ-တရုတ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလျံအထိရှိခဲ့ပြီး ၂၀၀၁ ခုနှစ်ထက် ၃၇ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဘီလျံအထိ ရောက်ရှိနိုင်သည်ဟု မျှော်မှန်းထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

❋ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ထောက်လှမ်းရေး တပ်များမှ အရာရှိအရာခံ၊အကြပ်၊ စစ်သည်များနှင့်မိသားစုများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇ ဇနီးဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရအား ကထိန်လျာသက်နှင့် ပရိက္ခရာရှစ်ပါး အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ပရိက္ခရာရှစ်ပါးအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❋

မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တပ်မတော် ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း တပ်မတော် ထောက်လှမ်းရေး မိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံသို့ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တပ်မတော် ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန်အလှူတော် မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံသို့ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တပ်မတော်ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံသို့ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❊ စာမျက်နှာ ၆ မှ

ဘဒ္ဒန္တ ကုမာရက အနုမောဒနာ တရားဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဘုံကထိန် အလှူတော်မဂ်လာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဘုံကထိန် အလှူတော်မဂ်လာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်တို့အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တပ်မတော် ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မဂ်လာအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တပ်မတော် ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မဂ်လာအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ တပ်မတော်ထောက်လှမ်းရေးမိသားစု (၁၄)ကြိမ်မြောက် ဘုံကထိန် အလှူတော်မဂ်လာအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲ စတင်

ရန်ကုန် နိုဝင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သယ်နီးကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အားကစားကွင်း၌ စတင်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲသို့ (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. San Guan Kosavinta၊ အပြည်ပြည်ဆိုင်ရာ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dr. Ugor Edener၊ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

နံနက်ပိုင်းပြိုင်ပွဲ

ရှေးဦးစွာ (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲတို့၏ လက်ရည်စစ် ပြိုင်ပွဲတွင် အမျိုးသမီး (Women Recurve) ပြိုင်ပွဲ မီတာ ၇၀နှင့် မီတာ ၆၀ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ဘူတန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်၊ ဂျပန်၊ ကာဇက်စတန်၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ ကိုရီးယား၊ ဗီယက်နမ်၊ မွန်ဂိုးလီးယား၊ အိန္ဒိယ အသင်းတို့မှ ပြိုင်ပွဲဝင် အမျိုးသမီး အားကစားသမား ၅၃ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲ အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အမျိုးသား (Men Recurve)ပြိုင်ပွဲ မီတာ ၉၀၊ မီတာ ၇၀ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် အသင်းများဖြစ်ကြသော အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ဘဂ်လားဒေ့ရှ်၊ အိန္ဒိယ၊ မွန်ဂိုးလီးယား၊ ဘူတန်၊ဂျပန်၊ ကာတာ၊ တရုတ်၊ ကာဇက်စတန်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဟောင်ကောင်၊ ကိုရီးယား၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဥစ္စဘက်ကစ္စတန်နှင့် အီရန်တို့မှ ပြိုင်ပွဲဝင် အမျိုးသား အားကစားသမား ၆၈ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အမျိုးသမီး (Copound) ပြိုင်ပွဲ မီတာ ၇၀ နှင့် မီတာ ၆၀ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် အသင်းများဖြစ်ကြသော ဟောင်ကောင်၊ တရုတ်(တိုင်ပေ)နှင့် ကိုရီးယား တို့မှ ပြိုင်ပွဲဝင်အမျိုးသမီး အားကစားသမား ငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အမျိုးသား (Copound) ပြိုင်ပွဲ မီတာ ၉၀နှင့် မီတာ ၇၀ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသော တရုတ်၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူနှင့် အီရန်တို့မှ ပြိုင်ပွဲဝင် အမျိုးသား အားကစားသမား ၂၂ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၅ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အားကစားကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)



(၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အေသင်အိုလံပစ် လက်ရည်စစ် မြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ကမ္ဘာလှည့်ခရီးသည် ၁၄၅ဦး စင်းလုံးငှားလေယာဉ်ဖြင့်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ EPG Travel & Tours Co., Ltd. နှင့် ဩစတြီးယားနိုင်ငံ Taipan Touristik နှင့် Austrian Airline တို့၏ ညှိနှိုင်းစီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၄၅ဦး လိုက်ပါလာသည့် စင်းလုံးငှားလေယာဉ်သည် ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် EPG Travel & Tours Co., Ltd တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ခရီးသွားလုပ်ငန်းဌာနရှိ ယဉ်ကျေးမှုအက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

၂၀၀၂-၂၀၀၃ ခုနှစ် ပွင့်လင်းရာသီအတွင်း စင်းလုံးငှားလေယာဉ် အစီအစဉ်ဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပျံသန်းပြေးဆွဲခဲ့ပြီး ယခု ၂၀၀၃-၂၀၀၄ ခုနှစ်တွင်လည်း ယနေ့မှစတင်၍ အပတ်စဉ် အဂါနေ့တိုင်း တစ်ပတ်လျှင် တစ်ကြိမ် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ခရီးစဉ်မှာ ဗီယင်နာ-ရန်ကုန်-ဖူးကက်-ဗီယင်နာ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေး တိုးတက်မှုအပေါ် ထောက်ခံ

မကြာမီနှစ်များအတွင်းက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသော နှစ်နိုင်ငံဆက်ဆံရေးအပေါ် ကျေနပ်အားရ

၂၀၀၆ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ တစ်ဘီလျံသို့တိုးမြှင့်ရန် အတည်ပြု

အကြမ်းဖက်မှုမှန်သမျှ မည်သည့်အသွင်ပုံသဏ္ဌာန်နှင့်မဆို လက်မခံနိုင်ဟူသောအမြင်ကို နှစ်နိုင်ငံ သဘောတူညီ

ရန်ကုန် နိုဝင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်သည် မြန်မာနိုင်ငံသို့ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂ရက်မှ ၅ရက်အထိ လေးရက်ကြာ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်စဉ်အတွင်း နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ယနေ့ထုတ်ပြန်သည်။ အဆိုပါပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ထုတ်ပြန်သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်သည် မြန်မာနိုင်ငံသို့ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂ရက်မှ ၅ရက် အထိ လေးရက်ကြာ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါသည်။ အိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အိန္ဒိယ ပြည်ပရေးရာ ဒုတိယဝန်ကြီး မစ္စတာ ဒစ်(ခ်)ဗီဂျေဆင်း၊ အိန္ဒိယ အထက်လွှတ်တော်အမတ် မစ္စတာ အနိ(လ်)ကူးမား၊ အိန္ဒိယ အထက်လွှတ်တော် အမတ် မစ္စတာ ဘီဂျေပန်ဒါ၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ကေ ဆီဗားလ်၊ ဒုတိယသမ္မတ၏ အတွင်းရေးမှူး မစ္စတာ အနိ(လ်)ကူးမား၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အာရ်ကေ ဘာတီးယားနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြပါသည်။

၂။ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နှစ်နိုင်ငံအကြားရှိ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကို ထင်ဟပ်စေခဲ့ပါသည်။

၃။ ခရီးစဉ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။

၄။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ခဲ့ကြပါသည်။

၅။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နှင့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် မိမိတို့နိုင်ငံအတွင်း နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများကို အပြန်အလှန် အသိပေး ပြောကြားခဲ့ကြပါသည်။ မြန်မာနိုင်ငံက ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် ချမှတ်အကောင် အထည်ဖော်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို အိန္ဒိယဘက်သို့ ရှင်းလင်း ခဲ့ပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် စီးပွားရေးဆက်သွယ်မှု ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းနှင့် နှစ်နိုင်ငံနယ်စပ် ဒေသတည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းသွားမည့် ဆန္ဒသဘော ထားကို ထုတ်ဖော်ခဲ့ပါသည်။ အိန္ဒိယဒုတိယသမ္မတကလည်း မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးနှင့် ပတ်သက်သော တိုးတက်မှုများအပေါ် ထောက်ခံကြောင်း ထုတ်ဖော်ပြောကြား ခဲ့ပါသည်။

၆။ နှစ်နိုင်ငံခေါင်းဆောင်များက မကြာမီနှစ်များအတွင်းက အဘက် ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသော နှစ်နိုင်ငံဆက်ဆံရေးအပေါ် ကျေနပ်အားရ ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက် ရေးကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်းများ ရှာဖွေခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာပညာသင်နှင့် သင်တန်းသား ၃၀၀ ကျော်ကို အိန္ဒိယနိုင်ငံက သင်တန်းမျိုးစုံအတွက် ပညာသင်ဆုပေးအပ်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ခဲ့ပါသည်။ နှစ်နိုင်ငံ၏ ရေရှည်ဆက်ဆံရေးအတွက် အရေးပါသော ဖွံ့ဖြိုးရေးစီမံကိန်း များနှင့် ပတ်သက်သော တိုးတက်မှုအခြေအနေများကို နှစ်ဖက်ခေါင်းဆောင် များက သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ လာမည့် ၂၀၀၆ခုနှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးကို စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်ဘီလျံသို့ တိုးမြှင့် ရန် ရည်မှန်းချက် အကောင်အထည်ဖော်ရေးကိုလည်း နှစ်ဖက် ထပ်လောင်း အတည်ပြုခဲ့ပါသည်။

၇။ အိန္ဒိယသမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ပေးသည့် ချေးငွေ အမေ ရိကန်ဒေါ်လာ ၅၇သန်းနှင့် ပတ်သက်၍ အိန္ဒိယသမ္မတနိုင်ငံအစိုးရအား ကျေးဇူးတင်ရှိကြောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ထုတ်ဖော်ပြောကြားခဲ့ ပါသည်။ ခရီးစဉ်အတွင်း သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာလိုအပ်ခြင်းမှ ကင်းလွတ်ခွင့်ပြု သည့် သဘောတူစာချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ အကြား နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

၈။ အကြမ်းဖက်မှုမှန်သမျှ မည်သည့်အသွင်ပုံသဏ္ဌာန်နှင့်မဆို လက်မခံ နိုင်ဟူသောအမြင်ကို နှစ်နိုင်ငံမှ သဘောတူညီခဲ့ကြကြောင်း၊ မည်သည့် အကြောင်းပြချက်ရှိသည်ဖြစ်စေ အကြမ်းဖက်မှုမှန်သမျှသည် တရားမျှတမှုမရှိ ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ၎င်းတို့နိုင်ငံအသီးသီးက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန် အသိပေး ပြောကြားခဲ့ကြပါသည်။ နှစ်ဖက်လုပ်ကိုင်ပုံ နည်းစနစ်များ တိုးမြှင့်ရေးနှင့် အကြမ်းဖက်အဖွဲ့အစည်းများမှ ကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့် နှိမ်နင်းရေးတို့ကို ပူပေါင်းအကောင်အထည်ဖော်မည့် နည်းလမ်းသစ်များ ရှာဖွေရေးအတွက် စဉ်းစားသွားရန် သဘောတူကြပါသည်။ နှစ်နိုင်ငံနယ်စပ်ဒေသ ငြိမ်းချမ်း၊ တည်ငြိမ်၊ အေးချမ်းမှုရှိရေးအတွက် အခိုင်အမာရပ်တည်ချက် ထားရှိမှုကို နှစ်ဖက်စလုံးမှ ထပ်လောင်းအတည်ပြုခဲ့ပါသည်။

၉။ နှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်းကောင်း၊ ပိုမို၍ ညီညွတ်မျှတသော ကမ္ဘာ့စီးပွား ရေးစနစ် ဖော်ဆောင်ရေးအတွက်လည်းကောင်း ဘက်မလိုက်လှုပ်ရှားမှု၏ အရေးပါသော အခန်းကဏ္ဍကို ထောက်ခံအတည်ပြုခဲ့ကြပါသည်။

၁၀။ နှစ်နိုင်ငံကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ နှစ်နိုင်ငံ (ကြည်း၊ရေ၊လေ)တပ်ဖွဲ့ဝင်များ၊ အားကစားအဖွဲ့များနှင့် အိန္ဒိယရေတပ်မတော် စစ်ရေယာဉ်များ ၂၀၀၂ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ် ချစ်ကြည်ရေး အလည်အပတ်လာရောက်ခဲ့ခြင်းတို့အပါအဝင် နှစ်ဖက် ပုံမှန်အပြန်အလှန် လည်ပတ်မှုများအပေါ် ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ခဲ့ကြပါသည်။ အဆိုပါ အပြန်အလှန် အလည်အပတ်သွားရောက်မှုနှင့် အိန္ဒိယနိုင်ငံရှိ သင်တန်းဌာနများတွင် မြန်မာသင်တန်းသားများကို လေ့ကျင့် သင်ကြားပေးရေးအစီအစဉ်များကို အနာဂတ်တွင် ဆက်လက် တိုးမြှင့်သွားသင့်ကြောင်း သဘောတူခဲ့ပါသည်။

၁၁။ ကုလသမဂ္ဂ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းကို အမြန်အကောင်အထည် ဖော်သင့်ကြောင်း နှစ်ဖက်တို့မှ ထုတ်ဖော်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံက ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ဖြစ်လိုခြင်းကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေနှင့် အဆိုပါကိစ္စ ပေါ်ပေါက်သည့်အခါ ထောက်ခံအားပေးသွားရန် ဆန္ဒရှိသည်ကို အိန္ဒိယဘက်သို့ အသိပေး ပြောကြားခဲ့ပါသည်။

၁၂။ နှစ်ဖက်တို့သည် ၎င်းတို့နှစ်နိုင်ငံစလုံးက တက်ကြွစွာ ပါဝင် ပတ်သက်လျက်ရှိသော အာဆီယံ၊ ဘင်းမစတက်နှင့် မဲခေါင်–ဂင်္ဂါ ပူးပေါင်း ဆောင်ရွက်မှုများအပါအဝင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အတူတကွ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြပါသည်။ အိန္ဒိယ–မြန်မာ–ထိုင်းသုံးနိုင်ငံ အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေး စီမံချက်ကိုလည်း အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၃။ အိန္ဒိယဒုတိယသမ္မတသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြု နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့ပါသည်။ ၎င်းသည် ရန်ကုန်တက္ကသိုလ်သို့လည်း သွားရောက်လည်ပတ်ကာ မဟတ္တမ ဂန္ဒီ၏ ကိုယ်တစ်ပိုင်းရုပ်တုအား ဖွင့်လှစ်ပေးခဲ့ပါသည်။ အိန္ဒိယ ဒုတိယ သမ္မတသည် ရှေးဟောင်းမြို့တော်များဖြစ်သည့် ပုဂံနှင့် မန္တလေးမြို့များအပါ အဝင် အခြားစိတ်ဝင်စားဖွယ်နေရာများကိုလည်း သွားရောက်ကြည့်ရှုလေ့လာ ခဲ့ပါသည်။ ၎င်းသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အိန္ဒိယမျိုးနွယ်များနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယလူမျိုးများနှင့် ရင်းနှီးစွာ တွေ့ဆုံ နှုတ်ဆက်ခဲ့ပါသည်။

၁၄။ ခရီးစဉ်အတွင်း အိန္ဒိယဒုတိယသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်ကို အထိမ်းအမှတ်ပြုရိုက်နှိပ်သော "အိန္ဒိယ–မြန်မာဆက်ဆံရေး" အထူး စာစောင်ကို ရန်ကုန်မြို့ အိန္ဒိယသံရုံးက ထုတ်ဝေခဲ့ပါသည်။

၁၅။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင် လာရောက် လည်ပတ်ရန် အိန္ဒိယဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေခါဝပ်က ထပ်လောင်းဖိတ်ကြားခဲ့ပါသည်။ အဆိုပါဖိတ်ကြားချက်ကို ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

၁၆။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ ကလမ်အား မြန်မာနိုင်ငံ သို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားချက်ကို နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အိန္ဒိယဒုတိယသမ္မတအား ကမ်းလှမ်းခဲ့ပါသည်။ အိန္ဒိယ ဒုတိယသမ္မတက အဆိုပါဖိတ်ကြားချက်ကို ဆက်လက်တင်ပြပေးမည် ဖြစ်ပါကြောင်း လှိုက်လှဲစွာ တုံ့ပြန်ခဲ့ပါသည်။

၁၇။ အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား ခင်မင်ရင်းနှီးစွာ ကြိုဆိုခဲ့မှုနှင့် လှိုက်လှဲပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှုအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့ အား ကျေးဇူးအထူးတင်ရှိကြောင်း အိန္ဒိယကိုယ်စားလှယ်အဖွဲ့မှ ထုတ်ဖော် ပြောကြားခဲ့ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅–၁၁–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
- ၈:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၅ ၈။ **(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု (ဘောလုံး)**
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ မန္တလေး–လားရှိုး–မူဆယ်မှသည် သိန္နီ–ကွမ်းလုံ–ချင်းရွှေဟော်ဆီသို့
- ၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာဟူသည်" (အပိုင်း–၈)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မုံရွာမြို့တွင် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ရက်တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ပြန်ကြားရေးဝန်ကြီးဌာန ဖုန်း–၀၁–၂၄၅၆၁၅၊ ၀၁–၂၄၅၆၁၉၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၇၁–၂၁၁၅၇၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၇၁–၂၁၁၅၆၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဖုန်း–၀၇၁–၂၁၀၃၉၊ အထက(၁) ကျောင်းအုပ်ကြီး ဖုန်း–၀၇၁–၂၁၂၄၄၊ ဦးသန်းတင် ဖုန်း–၀၇၁–၂၁၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဂုဏ်ပြုစကားပြောကြား

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

***အမျိုးသားရေးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုအကဲဖြတ် ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ဂုဏ်ပြုစကားပြောကြား

ရှေးဦးစွာ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုစကားပြောကြားရာတွင် ကောဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးသည် ရှေးအစဉ်အလာကောင်းများနှင့်အညီ အောင်မြင်ခမ်းနားထည်ဝါစွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊

ဤသို့ ပြိုင်ပွဲကြီးအောင်မြင်ပြီးမြောက်ပြီး အဖိုးမဖြတ်နိုင်သည့်အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင်အနုပညာစွမ်းအားဖြင့်တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဖြင့် ဦးဆောင်မှုပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများအား နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲစွာချီးကျူးဂုဏ်ပြုပါကြောင်း ပထမဦးစွာ ပြောကြားလိုကြောင်း၊အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ အမျိုးသားရေး အတွေးအခေါ်အယူအဆများ၊ အမျိုးသားရေးနှန်းစံနှင့် လူမှုတန်ဖိုးများ၊ အမျိုးသားယဉ်ကျေးမှု အနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီပြီး ဘိုးစဉ်ဘောင်ဆက်ပြုစုပျိုးထောင်လာခဲ့ကြသည့် အမျိုးသားအမွေအနှစ်များဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာကို ဖော်ညွှန်းပြဆိုနေသော အမျိုးသားရေး ဂုဏ်ဒြပ်များလည်း ဖြစ်ကြောင်း။

အမျိုးသားရေးစရိုက်လက္ခဏာ

တစ်နည်းပြောရလျှင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် သီးသီးခြားခြား ဖြစ်ထွန်းနေသော အမျိုးသားရေး စရိုက်လက္ခဏာများပင်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးအမွေအနှစ်များကို မျိုးဆက်တစ်ဆက်မှသည် မျိုးဆက်တစ်ဆက်သို့လက်ဆင့်ကမ်းထိန်းသိမ်းသယ်ဆောင်သွားမှသာ မိမိတို့၏ မြင့်မြတ်သော အမျိုးအနွယ်နှင့်အတူ အမျိုးသားရေးဂုဏ်ဒြပ်များပါ သမိုင်းစဉ်ဆက် တင့်တယ်စွာ တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိနိုင်ငံ၊ မိမိလူမျိုး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ရေးတွင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်၊ မယိုယွင်းစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အမျိုးကိုချစ်သူတိုင်းအတွက် ရှောင်လွှဲမရနိုင်သည့် အမျိုးသားရေးတာဝန်ကြီး တစ်ရပ်ဖြစ်ကြောင်း။

အတုမြင်အတတ်သင်

မျိုးဆက်သစ်လူငယ်များဆိုသည်မှာ အပြုသဘော၊ အကောင်းသဘောကိုသာ လိုလားတတ်သည့် သဘာဝရှိကြောင်း၊ အလားတူပင် လူငယ်များပီပီ အတုမြင် အတတ်သင်တတ်သည့် သဘာဝလည်းရှိကြောင်း၊ သို့ဖြစ်၍ မျိုးဆက်သစ် လူငယ်များအတွက် ကောင်းမြတ်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်လိုကြောင်း၊ လူငယ်ဆိုသည်မှာ အကောင်းနှင့်အဆိုးကို ယှဉ်ပြလျှင် အကောင်းကိုရွေးချယ်တတ်သကဲ့သို့ အပြုသဘောနှင့်အဖျက်သဘောကို အမှန်အတိုင်းသိမြင်ပါလျှင် အပြုသဘောကို လိုက်နာကြမည်သာဖြစ်ကြောင်း၊ အပြုနှင့် အဖျက်၊ အကောင်းနှင့်အဆိုးလမ်းညွှန်ပြသရာတွင် လမ်းညွှန်ပြသသူ၏ အခြေအနေအပေါ်မူတည်ပြီး လူငယ်များ လိုက်ပါပြောင်းလဲတတ်သည့် သဘာဝရှိကြောင်း။

လမ်းမှန်ညွှန်ပြ

အကောင်းနှင့်အဆိုး ယှဉ်တွဲပြသရာတွင် လူငယ်များကို အကောင်းဘက်ပါလာအောင်၊တိုင်းပြည်အတွက် အကျိုးဖြစ်နိုင်သည့် သဘောရောက်အောင် လမ်းမှန်ညွှန်ပြနိုင်ပါက တိုင်းပြည်အကျိုးပြုသည့် အနာဂတ်တွင် တန်ဖိုးရှိသော ပုဂ္ဂိုလ်များဖြစ်လာမည်သာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့် မျိုးဆက်သစ် လူငယ်အများစုမှာ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို မြတ်နိုးလေးစားပြီး လေ့လာလိုက်စား ထိန်းသိမ်းမြှင့်တင်လာကြသည်မှာကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

မှန်ကန်စွာလိုက်ပါ

ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၏ သွန်သင်ပြသ ဦးဆောင်မှုနောက်တွင် မျိုးဆက်သစ်လူငယ်များ မှန်ကန်စွာလိုက်ပါနေကြသည်ကိုယနေ့မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ထင်ထင်ရှားရှား တွေ့မြင်နေရပြီဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ စစ်မှန်စွာထွန်းကား ပြန့်ပွားရေး၊ အစွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် မျိုးဆက်သစ် လူငယ်များအား လက်ဆင့်ကမ်းအမွေပေးရာတွင် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများသည် ပင်မ မဏ္ဍိုင်နေရာတွင် တည်ရှိနေကြောင်း၊ ဂန္ထဝင်တွင်ရစ်အောင် ရေးသားဖွဲ့ဆိုခဲ့ကြသည့် ရှေးအစဉ်အဆက်မှ အနုပညာရှင်ကြီးများ၏အနုပညာလက်ရာ အမွေအနှစ်များ ယနေ့ထက်တိုင် တည်တံ့အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အနာဂတ်ကာလတိုင် သယ်ပိုးရွက်ဆောင်သွားကြမည့် မျိုးဆက်သစ်လူငယ်များ၊ ဤမျိုးဆက်သုံးဆက် ကွင်းဆက်မပြတ်စေရေးအတွက်ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများက မိမိတို့၏ အနုပညာစွမ်းပကားဖြင့် တက်ကြွစွာစွမ်းဆောင်ပေးနေကြသဖြင့် လူငယ်များ၏ စိတ်အစဉ်တွင် ရိုးရာယဉ်ကျေးမှုများ တဖြည်းဖြည်း ကိန်းအောင်းပျံ့နှံ့လာနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

တန်ဖိုးကိုသိမြင်

ဤသို့ ဝါရင့် သမ္ဘာရင့်အနုပညာရှင်ကြီးများ၏ အနုပညာစွမ်းအားနှင့် တန်ဖိုးကို သိမြင်သည့်အလျောက် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်း မျှဝေပေးနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက အားပေးစောင့်ရှောက်ပေးနေခြင်း ဖြစ်ကြောင်း၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများကလည်း မိမိတို့အသက်အရွယ်နှင့် ကျန်းမာရေးကို မငဲ့မထောက်ဘဲ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် ကိုယ်ဖိရင်ဖိ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရကြောင်း၊ ထို့ကြောင့်လည်းယခုကဲ့သို့ အနုပညာရှင်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားများကို နိုင်ငံတော် အစိုးရက အလေးထားပြီး နှစ်စဉ်မပျက် စီစဉ်ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများအပိုင်းကလည်း နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို မြေဆီမြေလွှာကောင်းမွန်သည့် လယ်ယာမြေကောင်းသဖွယ် တန်ဖိုးရှိ ထိုက်တန်စွာအသုံးချပြီး မျိုးဆက်သစ်အနုပညာရှင် အသီးအပွင့်များ ပွင့်လန်းဝေစည်လာစေရအောင် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းပကားဖြင့် မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့ဘဝတစ်သက်ပန်လုံး အမြတ်တနိုးထိန်းသိမ်းပြုစု စောင့်ရှောက်လာခဲ့ကြသော အနုပညာရပ်များကို အမွေခံထိန်းသိမ်းဆက်ခံနိုင်မည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေသကဲ့သို့ အနုပညာအမွေမျှဝေပေးနိုင်သည့်အခြေခံကောင်းများလည်း ခိုင်ခိုင်မာမာဖြစ်ထွန်းနေသည့် ယနေ့ကဲ့သို့သော အခြေအနေအချိန်အခါကောင်းတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံလျက် အသက်ရာကျော် ရှည်ကြပြီး အသက်ထက်ဆုံး အနုပညာအမွေမျှဝေပေးနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ထို့နောက် ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အသက်အရွယ်ကြီးရင့်သူ အဆို၊ အက၊ အရေး၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ကြေးမုံ)

အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ပညာရှင်ကြီးများ၊ ဗဟိုအကဲဖြတ်အဖွဲ့ဝင်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ (မဟာဂီတ)မှ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများနှင့်ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ (ဓမ္မပူဇာတေးနှင့် ခေတ်ဟောင်းကာလပေါ်တေး) ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှ ပြည်နယ်နှင့်တိုင်းအကဲဖြတ်အဖွဲ့ဝင်များနှင့် ဗဟိုအကဲဖြတ် ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ်လုပ်ငန်း(စောင်း)တို့မှ ဗဟိုအကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ (စန္ဒရား) နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ (ပတ္တလား)တို့မှ ဗဟိုအကဲဖြတ် ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ (ပတ္တလား)၊ အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ (နှဲ)၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ (တယော) တို့မှ ဗဟိုအကဲဖြတ် ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် ပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က အတီးအကဲ ဖြတ်လုပ်ငန်းအဖွဲ့ (တယော)၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ (မယ်ဒလင်)တို့မှ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ (ဒုံမင်း)၊ အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ (ဆိုင်း)နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ (အိုးစည်၊ဒိုးပတ်) တို့မှ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ကြေးမုံ)

ကောဒသမအကြိမ်(၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာကျင်းပရာ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲ ဓမ္မပူဇာတေး ဝါသနာရှင်အဆင့်(အမျိုးသား) ပထမဆုရ မောင်ရဲထိုက် မွန်ပြည်နယ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မဟာဂီတအဆိုပြိုင်ပွဲဆု

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရှင်အဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှဒေါ်သူဇာအောင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်းနှင့် အထူးဆုရ ရှမ်းပြည်နယ်မှ ဒေါ်ခင်သန်းမြင့်၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မစိမ်းလဲ့လဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ကြည်ကြည်မာ၊ အဆင့်မြင့် ပညာအဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းမှ မကြူကြူခိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသဲမြတ်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မထက်ထက်မော်၊ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ တတိယဆုရ ဧရာဝတီတိုင်းမှ မချောစုစံနှင့် အထူးဆုများရရှိကြသော ရခိုင်ပြည်နယ်မှ မနွေးနွေးထိုက်နှင့် မွန်ပြည်နယ်မှ မလှရီ၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)မစံပယ်ဖြူသိန်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုး၊ တတိယဆုရရန်ကုန်တိုင်းမှမမြတ်ဆုကြည်နှင့်အထူးဆုရ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မဖြိုးဇာမျိုးမြင့်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မပွင့်ဖူးဝေတို့အား ဆုများချီးမြှင့်သည်။

ဓမ္မပူဇာတေးဆု

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဆိုပြိုင်ပွဲ ပညာရှင်အဆင့် (အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးမင်းဟန်၊တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်းနှင့်အထူးဆုရ ရှမ်းပြည်နယ်မှ ဦးမျိုးမြင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်ရဲထိုက်၊ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ ဦးရဲသွေးနှင့် ဧရာဝတီတိုင်းမှ ဦးထိန်လင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဇော်မင်းထွန်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ပထမဆုရ ရှမ်းပြည်နယ်မှ မောင်စိုင်းညိုမင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ထိန်လင်းအောင်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်း၊ အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ်(အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်၊ တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်နှင့် အထူးဆုရ ကချင်ပြည်နယ်မှ မောင်မရစ်နော်မျိုးဆန့်၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်သီဟကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ တတိယဆုရ ချင်းပြည်နယ်မှ မောင်ထက်ဝေဖြိုးနှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ မောင်ကြီးဖြူ၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်ဖြိုး၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်လင်းထက်ကျော်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ချမ်းဖြိုးနှင့် အထူးဆုရ တနင်္သာရီတိုင်းမှ မောင်စည်သူထွန်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဆိုပြိုင်ပွဲ ပညာရှင်အဆင့် (အမျိုးသမီး)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေနှင့် စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သဲပြေနှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ဆွေဆွေမြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ ဒေါ်ခင်မျိုးအေး၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်နှင့် ရန်ကုန်တိုင်းမှ မမူမူဆွေ၊ ဒုတိယဆုရရှိကြသည့် ပဲခူးတိုင်းမှ မခင်သူသူဝင်းနှင့် ရခိုင်ပြည်နယ်မှ မသီတာမိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မသဲမြတ်စိုး၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မထက်ထက်အောင်နှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ) စံပယ်ဖြူသိန်း၊ တတိယဆုရ ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုးနှင့် အထူးဆုရရှိကြသည့် ကယားပြည်နယ်မှ မနော်ရိစ်မေရီလင်းနှင့် ချင်းပြည်နယ်မှ မရိ စ်စလီဇန်ထာချင်းထွေး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနှင်းအေးဝေ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မနန်းခင်မွှေးနှင့် တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်နှင့် ကချင်ပြည်နယ်မှ မကြည်ကြည်ဝါတို့အား ဆုများချီးမြှင့်သည်။

ခေတ်ဟောင်းကာလပေါ်တေး

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်က ပညာရှင်အဆင့်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးကံ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ တတိယဆုရ မန္တလေးတိုင်းမှ ဦးသက်နိုင်နှင့် အထူးဆုရ ရခိုင်ပြည်နယ်မှ ဦးဦးမောင်သိန်း၊ ဝါသနာရှင်အဆင့်(အမျိုးသား)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အဆိုပြိုင်ပွဲ မဟာဂီတ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပထမဆုရ မကြူကြူခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် မွန်ပြည်နယ်မှ မောင်ရဲထိုက်နှင့် ရှမ်းပြည်နယ်မှ စိုင်းညိုမင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးပိုးလေး(ခ)မျိုးမင်းဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဇော်ထွန်းနှင့် အထူးဆုရ ချင်းပြည်နယ်မှ မောင်ကျုံးလျံထောင်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်း၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်းနှင့် တတိယဆုရစစ်ကိုင်းတိုင်းမှမောင်မျိုးဇော်ထွန်း၊အခြေခံပညာအဆင့် အသက်(၁၅-၂၀) နှစ်(အမျိုးသား) ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှမောင်ရဲမျိုးသူ၊ဒုတိယဆုရရှိကြသည့်ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်နှင့်တနင်္သာရီတိုင်းမှ မောင်ဟန်စိုးနှင့် တတိယဆု ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ အခြေခံပညာအဆင့်အသက် (၁၀-၁၅) နှစ် (အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်ရန်မင်းအောင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုးနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်ချမ်းငြိမ်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်ဖြိုး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ဝေသန့်၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်နှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ပညာရှင်အဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေ၊ တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်(ခ)ဒေါ်ဌေးဌေးကြည်၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသူဇာအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆွေဆွေမြင့်၊ တတိယဆုရ ချင်းပြည်နယ်မှ မအေးအေးဦး(ခ)ဇာဇာဝင်းထက်နှင့် အထူးဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မအေးနှင်းခိုင်နှင့် တနင်္သာရီတိုင်းမှ မခင်သူဇာ၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မသီတာမိုး၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မခင်သူသူဝင်း၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မစိန်ရွှေမြ၊ အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မခိုင်နီလင်းနှင့် တတိယဆုရရှိကြသည့် ကရင်ပြည်နယ်မှ မဖြူဖြူကျော် နှင့် ရန်ကုန်တိုင်းမှ မထက်ထက်အောင်၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မယောမာန်စိုးမိုး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မချိုဇာဟိန်း၊ ဒုတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုနှင့် ရခိုင်ပြည်နယ်မှ မလဲ့ရည်ကိုနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနှင်းအေးဝေတို့အား ဆုများချီးမြှင့်သည်။

အခြေခံပညာအဆင့်

အဆိုပြိုင်ပွဲဆုချီးမြှင့်ပွဲအပြီးတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် အကောင်းဆုံးထူးချွန်ဆုရရှိသူ မွန်ပြည်နယ်မှ မချိုဇာဟိန်းက "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပညာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆုချီးမြှင့်ပွဲ အခမ်း အနားတွင် အဆိုပြိုင်ပွဲ ဓမ္မပူဇာတေး အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ပထမဆုရ မနွေးနွေးသီရိအောင် (ရှမ်းပြည်နယ်) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဝါသနာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး နာယက အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံပညာအဆင့်(အမျိုးသမီး) (အသက်၅-၁၀နှစ်) အကပြိုင်ပွဲတွင်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်း အနားတွင်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အခြေခံပညာအဆင့်(၁၅-၂၀နှစ်) အမျိုးသမီး တယော အတီးပြိုင်ပွဲ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက အဖွဲ့ဝင်၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ပညာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

★ စာမျက်နှာ ၁၀ မှ

ဦးကျော်ဇေယျာအောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မန်းမြို့ သိန်းသန်းဝင်း၊ ပညာရှင်အဆင့် (အမျိုးသား)အကပြိုင်ပွဲတွင်ပံ့ပိုးဆိုင်းအဖွဲ့ ပထမဆုရ မကွေးတိုင်းမှ တိုင်းချစ်တင်ငွေ ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးကျော်ဇေယျာအောင်ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မန်းမြို့ သိန်းသန်းဝင်း ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်အောင်၊ ဒုတိယဆုရ မကွေးတိုင်းမှ ဦးကိုကိုနိုင်(ခ) ရှိုင်းသူရ၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်လွင်ကိုဦးနှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မောင်မျိုးချစ်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ မောင်စိုးလင်းကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်စွာမျိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ကိုလတ်(ခ) စန်းလင်းထွန်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောကျော်လင်းစိုး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်ချမ်းဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထက်(ခ)မောင်သန်းလှိုင်နှင့် အထူးဆုရမွန်ပြည်နယ်မှမောင်ဇင်မင်းဦး၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောထက်ရှိုင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဘုန်းမြင့်ဇော်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ မောင်ပြည့်ဖြိုးအောင်၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောထွန်းထွန်းလင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မင်းပိုင်ဇေ(ခ) ဘွန်းအောင်မျိုးနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်နေထက်လင်းတို့အား ဆုများချီးမြှင့်သည်။

အကပြိုင်ပွဲဆု

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ပညာရှင်အဆင့်(အမျိုးသမီး)အကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သန္တာလင်း၊ ဒုတိယဆုရရန်ကုန်တိုင်းမှ မဗိုလ်မနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်စန်းစန်းထွေး(ခ) စန်းထိပ်တင်လင်း၊ ပညာရှင်အဆင့်(အမျိုးသမီး)အကပြိုင်ပွဲတွင် ပံ့ပိုးဆိုင်းအဖွဲ့ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်သန္တာလင်း ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဗိုလ်မ ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်စန်းစန်းထွေး(ခ) စန်းထိပ်တင်လင်း ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မဖြိုးဖြိုးလှိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမေနှင်းဝေနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မဇာဇာယမင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင်ပထမဆုရ မန္တလေးတိုင်းမှ မထက်ထက်လင်း(ခ) ရွှန်းလဲ့လဲ့ရည်၊ ဒုတိယဆုများရရှိကြသော ရန်ကုန်တိုင်းမှမသူဇာတင်နှင့် မမိချမ်းလန်း၊ တတိယဆုများ ရရှိကြသော ဧရာဝတီတိုင်းမှ မဝိုင်းချစ်ချစ်အောင်နှင့် ကရင်ပြည်နယ်မှ နန်းနေခြည်နွေးနွေး(ခ)လျံဆက်နိုင်၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အကပြိုင်ပွဲတွင် ပထမဆုရရန်ကုန်တိုင်းမှ မမေသူကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးချမ်းမြတ်ဖြိုး၊ တတိယဆုရ မန္တလေးတိုင်းမှ မနီနီအောင်နှင့် အထူးဆုရ ကရင်ပြည်နယ်မှ မနန်းဝါဝါဝင်း၊ အခြေခံပညာအဆင့်အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မအေးနန္ဒာထက်၊ ဒုတိယဆုများရရှိကြသော ဧရာဝတီတိုင်းမှ မချစ်မြတ်နိုးဝေနှင့် ရန်ကုန်တိုင်းမှ မသက်နှင်းဆု၊ တတိယဆုရ မန္တလေးတိုင်းမှ မနွယ်နီဝင်းကိုကိုနှင့် အထူးဆုရ ရှမ်းပြည်နယ်မှ မငုဝါဝါတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)အကပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မအိန္ဒြေကျော်၊ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင် (ခ) နိုင်းအိလွင်နှင့် ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မစုပိုပိုအောင်၊ တတိယဆုရ ရှမ်းပြည်နယ်မှ မနူးသိမ်မွေ့ခင်နှင့် အထူးဆုရရှိကြသည့် ကယားပြည်နယ်မှ မအေးသိမ့်သိမ့်ကျော်နှင့် ချင်းပြည်နယ်မှ မအာဘီကေးလ်ဇိန်ထာပါရ်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် ရုပ်သေးပြိုင်ပွဲတွင် ခေတ်နှစ်ပါးသွားပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှမောင်ထွန်းလင်းဇော်နှင့် မယဉ်ယဉ်အေး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းနှင့် မောင်အောင်သန်းဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မစန်းစန်းပြုံးနှင့် ဦးဇော်နိုင်ဝင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲဆုချီးမြှင့်ပွဲအပြီးတွင် အကပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) အကောင်းဆုံးထူးချွန်ဆုရရှိသူ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင်(ခ) နိုင်းအိလွင်က အကဖြင့်ဖျော်ဖြေသည်။

အရေးပြိုင်ပွဲဆု

ယင်းနောက် ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပညာရှင်အဆင့်အရေးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးကျော်စံလေး၊ ဒုတိယဆု ရရှိကြသည့် ပဲခူးတိုင်းမှ ဦးအေးသန်းနှင့် ရန်ကုန်တိုင်းမှ ဦးစိုးထွဋ်ခိုင်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးသောင်းတင်ဌေး၊ ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဒေါ်မိမိအောင်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သန်းလှိုင်(ခ) ဇော်လွင်သန်းနှင့် အထူးဆုရရှိကြသည့် ကရင်ပြည်နယ်မှ မြိုင်ကြီးငူ ဦးစောစံအေးနှင့် တနင်္သာရီတိုင်းမှ ဦးတင်ညွန့်၊ အဆင့်မြင့်ပညာအဆင့်အရေးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မခင်ချစ်စုမာ၊ တတိယဆုရ ရန်ကုန်တိုင်းမှ မမူမူဆွေနှင့် အထူးဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မခင်မိမိမိုးနှင့် တနင်္သာရီတိုင်းမှမောင်ဇော်ထွန်းသောင်း၊ အခြေခံပညာအဆင့်အသက်(၁၅-၂၀)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မရွှေသဥ္ဇာလွင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဖူးဖူးသန့်နှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်နွေးထက်စိုး၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မဖြိုးသဥ္ဇာခင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘိုနှင့် တတိယဆုရရှိကြသည့် ပဲခူးတိုင်းမှ မဟန်နီနီနိုင်နှင့် တနင်္သာရီတိုင်းမှ မအေးမြတ်မြတ်မျိုး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အရေးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ထွန်းရာဇာဦး၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မဆုသက်သဇင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့် အထူးဆုရ ကယားပြည်နယ်မှ မထက်ထက်စိုးတို့အား ဆုများချီးမြှင့်သည်။

အရေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အရေးပြိုင်ပွဲ၌ အကောင်းဆုံး ထူးချွန်ဆုရရှိသူ မန္တလေးတိုင်းမှ မောင်ထွန်းရာဇာဦး ရေးစပ်သီကုံးသည့် "မိဘဆရာ ရှိသေပါ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက်ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးအောင်ပြည့်စုံ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးဘိုဘိုကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝေဖြိုးနိုင်၊ ဝါသနာရှင်အဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စိန်လွင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးညီညီအောင်၊ တတိယဆုများ ရရှိကြသော မန္တလေးတိုင်းမှ ဦးရဲမျိုးနောင်နှင့် မွန်ပြည်နယ်မှ မောင်သဲအောင်ချစ်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မောင်အောင်ကိုသက်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မင်းမင်းသိန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အောင်မျိုးထက်၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ယူပိုင်သော်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်သက်ဦးဇင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ပြည့်ဖြိုးဇော်၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်ကံဦးအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်မျိုးထွန်းကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဉာဏ်လင်းထွန်း၊ အခြေခံပညာအဆင့်အသက်(၅-၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်သိုင်းထက်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်နိုင်လင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပညာရှင်အဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ပြုံးမြမြကြည်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ တနင်္သာရီတိုင်းမှ မလွင်မာသိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဝင်းသီဂီကျော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြညွန့်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြကြည်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မအေးသီတာဝင်း၊ တတိယဆုများရရှိကြသော ရန်ကုန်တိုင်းမှ မတင်တင်ယုနှင့် မန္တလေးတိုင်းမှ မနန္ဒာအေး(ခ)ခင်နန္ဒာနွယ်၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မချိုဇင်ထွန်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရွှေယမင်းဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဆုဆုဝင်းမောင်နှင့် တတိယဆုရ မွန်ပြည်နယ်မှ မဆုရည်ပြုံး၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မနှင်းနှင်းလှိုင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဟိန်းထက်တို့အား ဆုများချီးမြှင့်သည်။

ပတ္တလားအတီးပြိုင်ပွဲဆု

ဆက်လက်၍ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်(ခ) ကျော်ဇင်ထွန်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးစိန်ဗိုလ်သင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်စိုးအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေး ဖိုးဇော်နှင့် တတိယဆုရ ကရင်ပြည်နယ်မှ ဦးမင်းကို၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာထွန်းဝေ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်အောင်အောင်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်အောင်နှင့် အထူးဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မောင်နေမျိုးအောင်နှင့် ရှမ်းပြည်နယ်မှ မောင်မင်းမင်းစိုး၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သူရကြည်မိုး(ခ)ဖိုးသကြန်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မောင်စိုးသိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဟန်ထက်အောင်၊ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်၊ တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်းနှင့် ချင်းပြည်နယ်မှ မောင်ကောင်းကြည်လင်းနှင့် အထူးဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မောင်အေးနိုင်နှင့် တနင်္သာရီတိုင်းမှ မောင်မြတ်လင်းဟန်၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨**

မြန်မာ့မှု၊ မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်ကို ဖော်ညွှန်းပြသခဲ့သည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး

ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်က ကြီးမှူးပြီး အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ မြို့မြို့မှ်သဲသဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ပြိုင်ပွဲကြီးတွင် မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ဂုဏ်ရည် မြန်မာ့ဂုဏ်ဒြပ်စစ်စစ်တို့ကို ပီပီပြင်ပြင် ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူ ဝင့်ကြွားဖွယ်ဖြစ်သည်။



မဟာဇနကဇာတ်တော် ရုပ်သေးပြိုင်ပွဲ

ယောကျ်ားကောင်းယောကျ်ားမြတ်တို့၏ မလျော့သောခွန်လုံလ၊ ဝီရိယတို့ကို ဖော်ကျူးပြသသည့် မဟာဇနကဇာတ်တော်ကြီး၊ ရုပ်သေးပြိုင်ပွဲတွင် ဧရာဝတီတိုင်း၊ ကိုယ်စားပြု ဧရာလှိုင်း ရုပ်ခုံမဟာသဘင်အဖွဲ့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ထို့အပြင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ကဏ္ဍစုံတွင် ပီဘီပါရမီရှင်ပညာရှင်ကြီးများသဖွယ် အနုပညာစွမ်းပြသနိုင်သည့် မျိုးဆက်သစ် အနုပညာရှင်ကလေးများ အံ့မခန်းတိုးတက်ပေါ်ထွန်းလာပြီး အရည်အသွေး ပိုမိုမြင့်မားလာသည်ကို အားရကြည်နူး ကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ပေသည်။ (ကြေးမုံ)

အမျိုးသား ဇာတ်ရုံ၌ ကျင်းပသော အခြေခံပညာအဆင့် အသက် (၅-၁၀) နှစ် အမျိုးသား အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ကလေးငယ်တစ်ဦးယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အဆိုပြိုင်ပွဲ

အခြေခံပညာအဆင့် အသက် (၅-၁၀) နှစ် အမျိုးသမီးကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မသီရိပြည့်ကျော် ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာ့ဆိုင်းဝိုင်း

အတီးပြိုင်ပွဲ၏ မြန်မာ့ဆိုင်းဝိုင်း အဖွဲ့လိုက် ပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြုအဖွဲ့ ပါဝင် ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း-ကြေးမုံ)



တေယာ ယှဉ်ပြိုင်

အခြေခံပညာအဆင့် အသက် (၅-၁၀) နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသင်းသင်းယုအောင် ယှဉ်ပြိုင်စဉ်။

(ဓာတ်ပုံ-ကိုကိုစိုးညွှန့်)

ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး

တစ်ယူသန်အခြင်လွှမ်းမှုကို အခြေခံပြီး အမုန်းအငြိုး မာန်မာန လက်စားချေ တုံ့ပြန်မှုများသည် နောက်ဆုံးတွင် ကာယကံရှင်ကို အလွန်လောင်ကျွမ်းပျက်စီးစေသည်ဆိုသည့် သံဝေဂကို တင်ပြသည့် ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မန်းပြို့သိန်းသိန်းဝင်း ဇာတ်အဖွဲ့ ယှဉ်ပြိုင်ကပြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခိုင်ဝင်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေး တက်ရောက်မှာကြား

ရန်ကုန် နိုဝင်ဘာ ၄

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နွေးလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓနယောသိရိဓိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခိုင်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား ပြောကြား

အစည်းအဝေးတွင် ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခိုင်ဝင်းက အမှာစကား ပြောကြားရာ၌ ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယခင်နှစ်များနည်းတူ အစဉ်အလာမပျက် ခမ်းနားသိုက်ဖြိုက် အောင်မြင်စွာဖြင့် အမျိုးသားရေးအနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပရာတွင် အမျိုးသားရေးအနှစ်သာရ ပေါ်လွင်အောင်၊ သူတစ်ပါး ကျွန်ဘဝတွင် စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ၊ ဖိနှိပ်ခြယ်လှယ်ခံရမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးထိုးသပ်ယပ်ခံရမှု အနှီဠာရုဏ်များကို ယနေ့လူငယ်များ သိမြင်အောင်၊ မြန်မာတစ်မျိုးသားလုံး နှစ်ပေါင်း ရာချီပြီး မျိုးဆက်သုံးဆက်ခန် မဆုတ်မနစ်ကြိုးပမ်းခဲ့ကြီးမှ လွတ်လပ်ရေး ပြန်လည်ရရှိလာခဲ့ရခြင်းကို ယနေ့လူငယ်များ နားလည်သဘောပေါက်လာအောင် ကျင်းပနိုင်ရန်လိုအပ်မည် ဖြစ်ကြောင်း၊ သို့မှသာ မျိုးဆက်သစ် လူငယ်များ၊ အနေဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၏ အနှစ်သာရနှင့် တန်ဖိုးကိုသိရှိပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆေးစာခြတ်နိုး ကာကွယ်ဆောင်ရွက်လိုစိတ်၊ ပြည်ထောင်စုကြီး မငြိုကွဲအောင် ထိန်းသိမ်းကာကွယ်လိုစိတ်များ ရှင်သန်ပွားများလာမည်ဖြစ်ကြောင်း။

ကုစားနေရဆဲ

နှစ်ပေါင်း တစ်ရာကျော် ကိုလိုနီနယ်ချဲ့၏ သူကျွန်ဘဝတွင် ကျရောက်ခဲ့ခြင်း၏ ဆိုးဝေများနှင့် ဒဏ်ရာများကို ယနေ့တိုင် ကုစားနေရဆဲဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ကျင့်သုံးခွင့်ကို ကမ္ဘာ့ကုလသမဂ္ဂ ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများက အသိအမှတ်ပြုလက်ခံထားခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရခြင်း စသည်တို့သည် ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကျွန်ုပ်တို့ ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းလုပ်ဆောင်နေမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားပြီး ပြည်ထောင်စုပြိုကွဲအောင် ဆွေးထိုးသပ်လျှိုမှုများကို နိုင်ငံတော်အနေဖြင့် ရင်ဆိုင် တွန်းလှန်နေရဆဲ အခြေအနေဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် လွတ်လပ်ရေးကိုသာမက အချုပ်အခြာအာဏာကိုပါ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရေးသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် ပိုမိုအရေးပါလျက်ရှိနေကြောင်း။

ယနေ့အချိန်သည် နိုင်ငံတော်၏ လွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဖြစ်ထွန်းရန် ဓော်မိဖွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ပထမအဆင့်အနေဖြင့် ခိုင်မာသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် စီမံစိုင်းပြင်နေသည့် အချိန်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာ့တည်သရွေ့ တည်တံ့ခိုင်မြဲစေမည့် အမျိုးသားရေးအစီအမံများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အချိန်အခါတွင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကြီးကို အမျိုးသားရေး အနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် ကျင်းပနိုင်ရေးအတွက် အစည်းအဝေး တက်ရောက် လာကြသူအားလုံးက ခိုင်ဝန်းဆွေးနွေး အကြံပြုကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး အဖို့ရအဖွဲ့ ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင်က ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဆင်ကော်မတီများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆင်ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆင်ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး ဆင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်မောင်ဝင်းတို့ ပြန်ကြားရေး ဆင်ကော်မတီမှနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဥာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲကျင်းပရေး ဆင်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခိုင်ဝင်းမောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ရန်ကုန်မြို့တော် လွတ်လပ်ရေးနေ့အခမ်းအနား ဖျော်ဖြေရေး ဆင်ကော်မတီဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကျန်းမာရေးဆင်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြိုင်းတိုးက ဆင်ကော်မတီအလိုက် ဆောင်ရွက်သွားမည် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစား

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးဝင်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြား၍စဉ်။ (သတင်းစဉ်)

စုပေါင်းကထိန်သင်္ကန်း ကပ်လှူမည်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပဖြို့နယ် (၈)ရပ်ကွက် ဓမ္မမြေအေးကျောင်းတိုက် ဓမ္မဓမဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၏ ဦးစီးပရာနနာဃက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓာနေယျ အမှူးပြုသော စာချစာသင် သံဃာတော်အပါး ၂၀၀၈ကျော်တို့အား စုပေါင်းဘုံကထိနသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၈ ရက် (တနင်္ဆော်မုန်းလပြည့်နေ့)တွင် အဆိုပါ ကျောင်းတိုက်၌ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီချမ်းမြေသံကြားအစီအစဉ်

၅–၁၁–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်စာပေမတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်ရမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိန်း၁၀၄
၇:၄၀ ၆။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အကျ၊ အနေရေး၊ အပေါ်ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်ရွှေ့မြာ
၈:၀၀ ၈။ မြဝတီခွဲပြင်သံကြား:သတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှတ်ဆက်ကား
၈:၁၆ ၁၁။ ပြီး၊ပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်ရွေး/ပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်း/တော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကုန်း၊မာခြင်း၊သည်မိုင်းခွန်အား
၄:၅၀ ၈။ ရင်ခုန်စိတ်ဆင်းအချစ်သီချင်း
၅:၀၀ ၉။ အထွေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) တတိယနှစ်(ဘောဂဗေဒ)
(ခ) ဒုတိယနှစ်(ပထဝီဝင်)
၅:၃၀ ၁၀။ မြေတိုးကြေးအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသံကြွေ ခေတ်ဆန်းတေး

မိုးလင်း

၆:၀၀ ၁။ မြဝတီရုပ်မြင်သံကြား:သတင်း
၆:၃၀ ၃။ နိုင်ငံတကာသတင်း
၆:၂၀ ၃။ မိုးလေသသတင်း
၆:၂၅ ၃။ မြန်မာ့ရွှေခင်း
၆:၄၀ ၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၃။ **ရသမိုလင်ရုပ်မြင်စာတော်လမ်း: ဝန်ခြေနှင်းနဲ့ ယမင်းရွှေခင် (အပိုင်း–၁၄)**
၈:၀၀ ၁။ မြဝတီရုပ်မြင်သံကြား:သတင်း
၁၅။ မွဲ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **ရသမိုလင်ရုပ်မြင်စာတော်လမ်း: လွမ်းပုနှင့် ဆောင်းရုမ် (အပိုင်း–၂)**
၂၂။ သင့်အတွက်မနက်ခြင်း
၂၃။ အပိတ်နှတ်ဆက်စကား
၂၄။ ပြီး၊ပါပြီ။

➪ စာမျက်နှာ ၁၁ မှ

ပတ္တလား အတိ:ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ရန်ပိုင်၊ ဒုတိယဆုရ မကွေ့တိုင်းမှ မောင်ဆောင်ကိုကို၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ဝင်းကိုကို နှင့် အထူးဆုရ ရှမ်းပြည်နယ်မှ ခွန်သက်နိုင်ဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် စီ:ပွာ:ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ညီနွဲ့က ပညာရှင်အဆင့်(အမျိုးသမီး) ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်း:အေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မစိုလ်မနှင်တတိယဆုရ ခွန်ပြည်နယ်မှ ဒေါ်ဝင်းသန္တာအောင်၊ ပါသနာရှင်အဆင့် (အမျိုးသမီး) ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မသဆွေမျိုး၊ ဒုတိယဆုရ ရောဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မခေခြည်ဝိုင်းနှင့် တတိယဆုရ မကွေးတိုင်းမှ မအိအိဆွေးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသမီး) ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မရတနာလင်းနှင့် တတိယဆုရ ကချင်ပြည်နယ်မှ မအိစုစုကြည်၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး) ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဇာဇလင်း(ခ)ဆေါက်ကျော်ဇ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မခင်ဆွေမွန်နှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မစုမူမူထွေး၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် ပတ္တလား:အတိ:ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်ခန့်:လွင်၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုးနှင့် အထူးဆုရရှိကြသည် ကယား:ပြည်နယ်မှ မအေးမွန်သီနှင့် တနင်္သာရီတိုင်းမှ မရွှေရည်ဆောင်းတို့အား ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဘွဲ့ကြိုဒီပလိုမာသင်တန်း လူတွေ့စစ်ဆေးမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဘွဲ့ကြို ဒီပလိုမာသင်တန်း တက်ခွင့်ရရန် လျှောက်ထားခဲ့ကြသော ကျောင်းသား/သူများအနက်မှ ပျမ်းမျှအမှတ် ၅၆ရမှတ်နှင့် အထက် ရရှိပြီး လူဦးရေ စစ်ဆေးခြင်း၊ မခဲရသေးသော သူများသည် လူတွေ့စစ်ဆေးခံရန် အတွက် ရန်ကုန်နှင့် နည်းပညာတက္ကသိုလ် ဓော်ကွန်းထိန်း:ရုံသို့ နိုဝင်ဘာ ၁၀ရက် နေ့ကဆိုထား၍ သတင်းပို့ပြီး တစ်ပါတည်း လူတွေ့စစ်ဆေးခံနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❍ **စာမျက်နှာ ၉၆**

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်၊ ရန်ကုန်မြို့ ဆောင်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြား‌ရေးဝန်ကြီး‌ဌာန ဒုတိယဝန်ကြီး‌ဗိုလ်မှူးချုပ်အောင်သိန်း အစိုး၊ အဂ၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်များနှင့် အကဲဖြတ်ဝိုင်းအဖွဲ့ဝင်များကိုယ်စား စစ်ကိုင်းတိုင်းမှ ဇာတ်သာဇအကဲဖြတ်ဒိုင် အဖွဲ့ဝင် ဦးရဲထွဋ်က ကျေးဇူးတင်စကား‌ပြော‌ကြား‌သည်။

ယင်း‌နောက် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်များနှင့် အကဲဖြတ်ဝိုင်းအဖွဲ့ဝင်များကိုယ်စား စစ်ကိုင်းတိုင်းမှ ဇာတ်သာဇအကဲဖြတ်ဒိုင် အဖွဲ့ဝင် ဦးရဲထွဋ်က ကျေးဇူးတင်စကား‌ပြော‌ကြား‌သည်။

ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်လှ မြင့် ဆွေ ဧကာ ဒသမ အကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော အကဲဖြတ် ဒိုင်များ‌အား ဂုဏ်ပြုမှတ် တမ်း လွှာများ ချီးမြှင့်စဉ်။ (ကြေး‌မုံ)

တို့က အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများ‌အား လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းများသို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီး ပညာရပ်များ သွား‌ရောက်ပို့ချခဲ့သည့် ပညာရှင်များနှင့် ဂုဏ်ပြုဆု ကြေးသည် ပညာရှင်များ‌အား လည်း ကောင်း၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူ ခေါင်းဆောင်များ‌အား လည်း မောင်း၊ ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီးပြိုင်ပွဲတွင် အခမဲ့ပြသခဲ့ကြသူများ‌အား အဖြစ် ဆောင်ရွက်ခဲ့ကြသူများ‌အား လည်း ကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား‌ပြော‌ကြား‌

ထို့နောက် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်များ‌နှင့် အနုပညာရှင်ကြီးများ၏ ဖျော်ဖြေမှုအစီအစဉ်အရ အရေးပြိုင်ပွဲ ပညာရှင်အဆင့် ရွှေတံဆိပ် ဆုရ စစ်ကိုင်းတိုင်းမှ ဦးကျော်စံဝေး၊ ရေးစပ်သီကုံးသည် မြန်မာ့အလှ မြန်မာ့ဘဝ ထား‌သီချင်းကို အဆိုပြိုင်ပွဲပညာရှင် အဆင့် ရွှေတံဆိပ်ဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်က သီဆို၍ စန္ဒရား အတီးပြိုင်ပွဲပညာရှင်အဆင့် ရွှေတံဆိပ် ဆုရ မွန်ပြည်နယ်မှ မောင်ကျော်သူဝင်း၏ ပုံပြီးတီးခတ်မှုဖြင့် အကပြိုင်ပွဲ ပညာရှင်အဆင့် ရွှေတံဆိပ်ဆုရ မကွေးတိုင်းမှ တိုင်းရေစက်ဒေသနှင့် ရန်ကုန်တိုင်းမှ ဒေါ်သန္တာလင်းတို့က အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ အကပြိုင်ပွဲ အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ်တွင် ရွှေတံဆိပ်ဆုရ ကရင်ပြည်နယ်မှ ဖြိုင်ကြိုင်ငူ စောထက်ရှိုင်းနှင့် ရန်ကုန်တိုင်းမှ မအေးနန္ဒာထက်တို့က ခေတ်နှစ်ပါး သွား‌အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်း‌နောက် အနုပညာရှင် မြင့်မြင့်ကြည်က စန္ဒရား‌အကဲဖြတ်ပညာရှင် စန္ဒရား ဦးချစ်ဆွေ၏ ပုံပြီးတီးခတ်မှုဖြင့် ကျေးစေတမန် ထား‌သီချင်းဖြင့် သီဆို ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် ဆိုင်ဝိုင်းကြိုး(အဖွဲ့ လိုက်) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ စစ်ကိုင်းတိုင်းမှ မောင်ဇွိုးထက်အောင်နှင့်အဖွဲ့က လက်ဖွမ်းပြတီးမှတ်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဂီတလူလင်ဦးကိုကို ရေးသား‌စပ်ဆိုသီကုံးသည့် ဧကာဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီးပြိုင်ပွဲ နှုတ်ဆက်ဂုဏ်ပြုပိတ်ပွဲ ထား‌သီချင်းကို အကဲဖြတ် ပညာရှင်များနှင့် တေး‌သံရှင်များက သီဆို၍ အနုပညာဦးစီးဌာနမှ အမျိုးသမီး အနုပညာရှင်များက အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆွေးနွေးပွဲဖွင့်

ယင်း‌နောက် နိုင်ငံတော်ဝန်ကြီး‌ချုပ် ဗိုလ်ချုပ်ကြီး‌ခင်ညွန့်က ဂုဏ်ပြုဩဘာ‌ပွဲတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်ကြီး‌များ‌နှင့် တွဲဖက်ကာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မျိုး‌ဆက်သစ် အနုပညာရှင်များ‌အား ဂုဏ်ပြုဆု ငွေများ ချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေး‌အပ်ပွဲ အခမ်း‌အနား‌အပြီး‌တွင် ဧကာဒသမ အကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီး‌များ‌နှင့် အကဲဖြတ်ဒိုင်များ‌အား ဂုဏ်ပြုမှတ်တမ်း လွှာ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧကာ ဒသမ အကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အဂ၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြား‌ရေး ဝန်ကြီး‌ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ကြီးကြပ်သူများ‌အား ဂုဏ်ပြုမှတ် တမ်း လွှာ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း (၄)နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး

ပုဂံ၊ ၁၁–၁၂ နိုဝင်ဘာလ ၂၀၀၃

ရန်မျိုးဇော်ဝင်းဒေါ်တော် ရွှေသင်္ကန်းကပ်လှူမည်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်း ခရိုင် သမ်း‌နှင်းမြို့နယ် ဆုတောင်းပြည် ရန်မျိုးဇော်ဝင်း ဒေတီတော် ရွှေသင်္ကန်းကပ်လှူရေး‌အတွက် ဩဝါဒခံယူပွဲအခမ်း‌အနား‌ကို နိုဝင်ဘာ ၂ ရက်က အနန္တမဟာသံဃာတန်ဆောင်း၌ ကျင်းပရာ ဒေတိတော် ဩဝါဒါစရိယ ဆရာတော် ၁၀ပါး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေတိတော် ဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြား‌ထား‌သူများ၊ တက်ရောက်ကြသည်။

အခမ်း‌အနား‌တွင် ဒေတိတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က ရွှေသင်္ကန်း‌ကပ်လှူရေး‌နှင့် ပတ်သက်၍ ရှင်းလင်း‌တင်ပြပြီး ဒေတိတော်သြဝါဒါစရိယ ဆရာတော်ဦးဝိမလက ရွှေသင်္ကန်း‌ကပ်လှူရေးနှင့်ပတ်သက်ပြီး သြဝါဒကထာ မြွက်ကြား‌သည်။

ဆုတောင်းပြည်ရန်မျိုးအောင်ဒေတိတော်ကြီး‌ကို မိန်မှူးတော်မှ မောင်းကိုးရစ်ထိ ရွှေသင်္ကန်း‌ကပ်လှူရာတွင် ကျပ်သိန်း၁၀၀ကျော်ကုန်ကျမည်ဖြစ်ပြီး ပါဝင် ကုသိုလ် ယူလိုသူများသည် ဖုန်း–၅၆၅၈၀၈ သို့ ဆက်သွယ်စုစမ်း လှူဒါန်း‌နိုင်ကြောင်း သိရသည်။ (၄၈၅)

ဟာသဂျာနယ် ဆုတံဆေဖြန့်ချီ

ရန်ကုန် နိုဝင်ဘာ ၄

ဟာသအဆောင်း၊ ဟာသအရေး‌များ‌ကို ဖော်ပြထား‌သော “ဟာသ” ဂျာနယ် အတွဲ(၂)၊ အမှတ် (၁၄)ကို ဝါမိုး‌အောင်စာပေ၊ အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ **(ထာပုံ)**

(က–ပ)

နိုင်ငံဘာလထုတ် မြဝတီမဂ္ဂဇင်းပြန့်ချို

ရန်ကုန် နိုဝင်ဘာ ၄

နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် ကို(တက္ကသိုလ်)၊ မုန်ညှာဝင်းဇေ၊ ရွှေညာသား မြတ်မင်း၊ ပြေဦး၊ မောင်မြတ်မွန်နှင်း (ညောင်ရွှေ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ဘုဆောင်မြေ–နေဦးဂက်တို့၏ ကဗျာများ၊ မြေစာ၊ ဇင်မူး၊ အောင်ကျော်၊ ကိုဌေး‌လေး‌တို့၏ ဟာသတစ်မျက်နှာကဗျာတို့နှင့်အတူ မြတ်ဘုရား‌ဒေသနာတော်ကဏ္ဍတွင် သာသနခဇ သိရိပဝရဓမ္မာစရိယ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် ဦးဃောသိတ၏ သောတာနုဂတသုတ်တရား‌တော်၊ ဝတ္ထုတိုကဏ္ဍတွင် ချစ်ဆွေမောင်၊ မောင်မြင့်မာ၊ (ဗိုလ်ကလေး)၊ မောင်ယဉ်ကျေး၊ နန္ဒာမိုးကြယ်၊ ကျော်ကျော်၊ ကျွန်းစည်မြေ–ဓာဒက်၊ ဘာသာပြန်ဝတ္ထုကဏ္ဍတွင် ရင်မောင်(မြတ်စုရင်)နှင့် စိုးမြိုင်၏ “သို့သော် ဦးမည္ဆတ်” အခန်းဆက် ဘာသာပြန်ဝတ္ထုရှည်တို့ဖြင့် ဝေဝေဆာဆာ ဖော်ပြထား‌သည်။ **(အမော်ပုံ)**

(က–ပ)

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၄

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ကို ထုတ်ဝေဖြန့်ချိထား‌ကြောင်း သိရသည်။ **(ဝဲပုံ)**

စွန်ရဲ၏ ဆွေ‌ကြိုခဲ့ရလူ ဘဝ (၄၄) နှင့်အတူ ဒေါက်တာမတင်ဝင်း (ပညာရေး‌တက္ကသိုလ်)၊ အောင်ပိုင်း၊ မောင်ညိုပြာတို့၏ ဆောင်းပါး‌များ‌နှင့် အတူ မြတ်ခိုင်၏ မေးခွန်း(၁၀၀)၊ အဂါစကား‌ပိုင်း(၁၀)၊ ပရိသတ်အကြိုက် 3D လက်ဆောင်တို့အပြင် ပြည်တွင်း ပြည်ပ အား‌ကစား‌နှင့်အနုပညာသတင်းများ‌ပါဝင်ကြောင်း သိရသည်။(က–ပ)

လေးတောင်နယ်ခရသင်း ဘုံကထိန်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

ရခိုင်ဖြို့နယ် လေး‌ဆောင်နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဘုံကထိန်အလှူတော်မင်္ဂလာ၊ ပညာရည်ချွန်ဆုပေး‌ပွဲနှင့် သက်ကြီး‌ပူဇော်ပွဲတို့ကို ၁၃၆၅ခုနှစ် တန်ဆောင်မုန်း‌လပြည့်(နိုဝင်ဘာ၈ရက်)စနေနေ့ နံနက် ၈ နာရီမှ ဘာရာဓိဆီ ရှိခိုးပြည့်ဝမ်းမှာရ ရွေတိဘုရား‌အရေဘာက်မုခ်အနီ့ အာဇာနည်ဗိမာန်လမ်း ဗဟန်းဖြို့နယ်၌ ကျင်းပခဲ့ရာ လေး‌တောင်နယ်သူ၊ နယ်သား‌များ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့မှ ဖိတ်ကြား‌ထား‌ကြောင်း သိရသည်။ (က–ပ)

ကိုကာဆူကီ (၇)နှစ်မြောက် နှစ်ပတ်လည်

အထူးအစီအစဉ်

၂၀၀၃ ခုနှစ် နိုဝင်ဘာလ(၁၀) ရက်နေ့တွင် ကျွန်ုပ်တို့ COCA SUKI RESTAURANT ၏ (၇)နှစ်မြောက် နှစ်ပတ်လည်အထူးအစီအစဉ်အဖြစ် နိုဝင်ဘာလ(၁)ရက်နေ့ မှ (၁၀)ရက်နေ့အထိ ကြွရောက်အား‌ပေး‌ကြသည့် မိဘပြည်သူများ‌အတွက် DVD စက်(၃)လုံး‌အပါအဝင်အခြား ဆုမဲပေါင်း (၁၅)ဆုကို Lucky Draw ဖွင့်လှစ်ပေး‌သွား‌မည်ဖြစ်ပါကြောင်း၊ ထို့ထက် ရွှင်လန်းသော မိဘပြည်သူများ‌နှင့် မိတ်ဆွေဟောင်းမိတ်သစ်များ အား‌လုံး‌သို့သတင်း ကောင်းပါးလိုတိပါသည်။

4th Anniversary

Lucky Draw

● ထပ်ဆင့် One For One Free Suki Buffet အစီအစဉ်ကိုလည်း‌ဆက်လက်ထား‌ရှိပါသည်။

COCA SUKI Restaurant at Summit Parkview Hotel,350, Ahlone Road, Dagon Tsp, Yangon. Ph: 01-229904,229905

တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက် (၂၅)နှစ်ပြည့် သာသနာ့ပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၄

တောင်စွန်းဓမ္မဒူတ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက်ကြီး၏ (၂၅)နှစ်ပြည့် သာသနာ့ပူဇော်ပွဲ၊ ဆရာတော်ကြီးအား ခြောက်နှစ်ပြည့် ရည်မှန်းပူဇော်ပွဲနှင့် ပဋိပတ္တိ သုခယောဂီဆောင် ရေစက်ချအလှူတော်မဂ်လာတိုကို ၁၃၆၅ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်၊ နိုဝင်ဘာ ၁၈ရက် (အဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

ဆက်ကပ်လှူဒါန်း ကထိန်သင်္ကန်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပရိယတ္တိသာသနာ့ပါလအသင်း ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပရိယတ္တိသာသနာ့ပါလအသင်းတို့၏ မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ ကထိန်လျာဥတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တသောဘဏ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးမိသားစု ကထိန်သင်္ကန်း ဆက်ကပ်

နိုဝင်ဘာ ၁ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီးတို့က ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(ပို့ဆောင်ရေး)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမိသားစု ဘုံကထိန်

အောက်တိုဘာ ၃၁ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မေကြည်စိန်တို့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဋ္ဌမအကြိမ်မြောက် မိသားစု မဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တပ်မတော်မှတ်တမ်းရုံးမိသားစု ဘုံကထိန်သင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

တပ်မတော်မှတ်တမ်းရုံးမိသားစု (၁၈)ကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန်သင်္ကန်းကပ်လှူ ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၅ နာရီက တပ်မတော်မှတ်တမ်းရုံး အစည်းအဝေးခန်း မ(၁)၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကင်းမြို့ သီရိမဂ်လာကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝဇိရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တပ်နယ်မှူး၊ အမှတ်(၂) စစ်ဒေသမှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဧည့်ပရိသတ်များက သီရိမဂ်လာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ ဝဇိရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ကထိန်လျာသင်္ကန်းဆက်ကပ်

ဆက်လက်၍ တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဇနီးဒေါက်တာ ဒေါ်သီသီအေးတို့က သီရိမဂ်လာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝဇိရအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(အောက်ပုံ)** ဒုတိယတပ်မှူးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာ့အာမခံ ဝန်ထမ်းမိသားစု ဘုံကထိန်အလှူတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး ဒေါ်သောင်းရီတို့အား အမှူးထား၍ မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစု၏ (၁၈) ကြိမ်မြောက် မိသားစု ဘုံကထိန် အလှူတော်မဂ်လာ အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာ့အာမခံ လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

— ဆက်ကပ်လှူဒါန်း —

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈယ် ချီးမြင့်တော်မူကြပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထိုနောက် တေဇိန္ဒာ ရာမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဥတ္တရ (မဟာဂန္ဓဝါစက)က ကထိန် အနုမောဒနာ တရားချီးမြင့်တော်မူပြီး လှူဒါန်းမှု အစုစုအတွက် ပရိသတ်များက ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

(သတင်းစဉ်)



ဒါရိုက်တာဟိန်းစိုး၏ "ချစ်သူရဲ့ ပါးတစ်ဖက်ကို နိုးဂှက်သွားတဲ့ တစ္ဆေ" ဗီဒီယိုဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်။

အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားများ စနစ်တကျ ရုံရက်ချိတ်ရန် နှိုးဆော်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာရုပ်ရှင်ဇာတ်ကား ပြသသောရုံများတွင် ရုံရက်အားလပ်သည် ရက်များ၌ အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားများ ရုံတင်ပြသသော အစဉ်အလာရှိခဲ့သည်။

ကြိုတင်ရက်ချိတ်

ယင်းသို့ပြသနိုင်ရေးအတွက် ရုပ်ရှင်ရုံများတွင် ရက်ချိတ်တန်းစီကြရရာ အချို့သော ထုတ်လုပ်သူများသည် ပြသခွင့် ခွင့်ပြုချက်မရခင် ကြိုတင်ရက်ချိတ်ထားကြသည်ဟု ဆိုသည်။

အမှတ်စဉ်အလိုက်

ထိုသို့ အဆင့်မြင့်ဗီဒီယိုဇာတ်ကားပြသခွင့်မရခင် ကြိုတင်ရက်ချိတ်သဖြင့် မဖြစ်သင့်သော ပြဿနာများဖြစ်ပေါ်တတ်ရာဆင်ဆာအဖွဲ့မှ ပြသခွင့်ရရှိပြီးမှသာ အမှတ်စဉ်အလိုက် စနစ်တကျ ရုံရက်ချိတ်ခြင်းပြုကြရန် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက အဆင့်မြင့် ဗီဒီယိုရုပ်ရှင်ထုတ်လုပ်သူများအား သတိပေး နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးသည့် "မေ့မရတဲ့နေ့များ" ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။

မေ့မရတဲ့နေ့များ မကြာမီရုံတင်မည်

ရန်ကုန် နိုဝင်ဘာ ၄

ရဲကျော်သူ ရုပ်ရှင်အတွက် ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးသည့် "မေ့မရတဲ့နေ့များ" ဇာတ်ကားမှာ ပြသခွင့်ရရှိ၍ မကြာမီရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။ "မေ့မရတဲ့နေ့များ" ဇာတ်ကားမှာ ခေတ်ပေါ်အချစ် ဇာတ်လမ်းတစ်ပုဒ်ဖြစ်၍ ဒွေးနှင့် ထက်ထက်မိုးဦးတို့ သရုပ်ဆောင်ပါဝင်ကြသည်။

(ကြေးမုံ)

ရုပ်ရှင်ဘောလုံးအသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် ပြည်သူများ ကြည်ဖြူရင်းနှီးရေး ဦးတည်ချက်ဖြင့် ဖွဲ့စည်းထားသော ရုပ်ရှင်အစည်းအရုံး အမျိုးသားဘောလုံးအသင်းသည် လာမည့် နိုဝင်ဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့နယ် လက်ရွေးစင်ဟောင်းများအသင်းနှင့် လက်ပံတန်းမြို့၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘောလုံးပြိုင်ပွဲမှ ရရှိသော ဝင်ငွေများကို ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် လှူဒါန်းမည်ဖြစ်ပြီး ဘောလုံးပွဲမကစားမီ ရုပ်ရှင်သရုပ်ဆောင်အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

(ကြေးမုံ)

ရုပ်ရှင်အစည်းအရုံး အမျိုးသား ဘောလုံးအသင်းမှ ဘောလုံးသမားများ။

Job Opportunities

(For Local Service Only)

We are looking for the following posts.

(1) Java Programmer	Male/Female	6 Post
(2) ASP Programmer	Male/Female	3 Post
(3) Admin Staff	Female	3 Post

* Minimum 6 months working experience
* Word processor & typing skill ability are required for Admin Position

(4) Hardware Engineer	Male	1 Post

* Minimum 2 years working experience

For all positions above, please submit application with 2 recent photos, CV, copy of labour registration card, copy of Graduation Certificate & other relevant qualifications within 7 days after this advertisement at the following address.

Language ability (English is a MUST, Japanese is optional)

Azure Net Company Ltd.

No.805, 8th Floor, Yuzana Tower, Shwegonedine Junction, Bahan Township, Yangon, Myanmar Phone: 558460

နာရီဆိုလျှင် ချယ်ရီဦး တန်ဆောင်တိုင်အထူးအစီအစဉ်

၅% မှ ၃၅% အထူးလျှော့ဈေး

(၈-၁၁-၂၀၀၃)မှ (၁၄-၁၁-၂၀၀၃)ထိ

* နာရီဆိုတာအချိန်သိဖို့အပြင် အလှအပအဖြစ် ဂုဏ်ယူစွာဆင်မြန်းနိုင်တဲ့ လက်ဝတ်ရတနာတစ်ပါးပါပဲ၊
* အမျိုးအစားလည်းမှန် ဒီဇိုင်းတွေလည်းလှပတဲ့ နာရီလေးတွေကို ဂုဏ်ယူစွာ ဆင်မြန်းပြီး တန်ဆောင်တိုင်ပွဲတော်မှာ နွဲ့ပျော်ကြပါစို့။

အရောင်းပြခန်း(၁)၊ (၃)၊ (၄)

အနော်ရထာလမ်း၊ ၃၂လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၈၀၈၂၊ ၃၇၅၄၉၁၊ ၂၈၆၂၄၇

အရောင်းပြခန်း(၂)

အမှတ်(စီ၃/၄)၊ ယုဇနပလာဇာ(ပထမထပ်)ဗညားဒလလမ်း၊ မဂံလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၇၄၇(လိုင်းခွဲ-၂၉၂၉)

အရောင်းပြခန်း(၅)

အမှတ်(၄၀၈)၊ သိမ်ဖြူလမ်း၊ မဂံလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၀၁၉၀၊ ဖက်(စ်)-၉၅-၁-၂၀၀၂၉၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)

ပဲခူးတိုင်း၊ တောင်ငူခရိုင်တရားရုံး တောင်ငူမြို့နယ်တရားမရုံး၌

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃(တောင်ငူ)

ဦးမောင်မောင်တင် နှင့် ဒေါ်မြမြပါ-၁၃ ဦး
တရားလို တရားခံ

တောင်ငူမြို့၊ ယခင်(၁၃)ရပ်ကွက်၊ (၅)လမ်းရပ်နေ ၁။ ဦးမောင်မောင်ဇင် (ဘ) ဦးမောင်လေး၊ ၂။ ဦးမောင်မောင်ခင် (ဘ) ဦးမောင်လေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်တင်က အိမ်ခြံမြေခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂၈ရက်(၁၃၆၅ခုနှစ် နတ်တော်လဆန်း၅ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည့်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နိုပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွန်း
ခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)

ပဲခူးတိုင်း၊ တောင်ငူခရိုင်တရားရုံး၊ တောင်ငူမြို့နယ်တရားမရုံး၌

၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂(တောင်ငူ)

ဦးမောင်မောင်တင်ပါ-၄ နှင့် ဒေါ်ချိုချိုပါ-၁၀ဦး
တရားလို တရားခံ

တောင်ငူမြို့၊ ယခင်(၁၃)ရပ်ကွက်၊ (၅)လမ်းရပ်နေ (၁)ဦးမောင်မောင်ဇင်၊ (ဘ)ဦးမောင်လေး၊ (၂)မောင်မောင်ခင်(ဘ)ဦးမောင်လေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်တင်ပါ-၄ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် နိုဝင်ဘာလ၂၈ရက်(၁၃၆၅ခုနှစ် နတ်တော်လဆန်း၅ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ၂၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နိုပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သန်းထွန်း
ခရိုင်တရားသူကြီး
တောင်ငူခရိုင်တရားရုံး။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

AA Electronics Ltd. (Sole Distributor of SAMSUNG ELECTRONICS)

၁။ Chief Accountant ကျား၊ မ (၁) ဦး
- C.P.A အနည်းဆုံးလုပ်သက်(၃)နှစ်
- B.Com အနည်းဆုံးလုပ်သက်(၁၀)နှစ်နှင့် Chief Accountant တာဝန်ထမ်းဆောင်ဖူးသူ
- Computerized Accounting ကျွမ်းကျင်ရမည်။

၂။ Accountant (B.Com,LCCI Level (III) မ (၂) ဦး

၃။ Technician ကျား၊ မ (၄) ဦး
- B.Sc(Physics)
- AGTI (EC/EP) အောင်မြင်ပြီးသူဖြစ်ရမည်။

၄။ Sales Promotor ကျား၊ မ (၅) ဦး
- အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။ အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)ဖုန်းနံပါတ်၊ အကျင့်စာရိတ္တဆောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ခာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ အမှတ်၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့်၃၅လမ်းထောင့် Samsung Plaza ပထမထပ်သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ချစ်သမီးလေး
စုနေခြည်ထူး သို့
မွေးနေ့မင်္ဂလာဆုမွန်လွှာ

၅–၁၁–၂၀၀၃နေ့တွင် ကျရောက်သော တစ်ဦးတည်းသောချစ်သမီးလေး"စုနေခြည်ထူး"၏ (၁)နှစ်ပြည့် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့၏ အေးမြသော မေတ္တာရိပ်အောက်ဝယ် ယဉ်ကျေးလိမ္မာ ဉာဏ်ပညာမြင့် ပွဲလယ်တင့်၍ ထူးချွန်ထက်မြက်သော သမီးရတနာလေးအဖြစ် ချမ်းမြေ့ ပျော်ရွှင်အောင်မြင်သော ဘဝများစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ---။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား – ဦးကျော်စိန်–ဒေါ်ခင်နု
ဦးရွှေမိ–ဒေါ်တင်တင်
ချစ်ဖေဖေ–ဦးသိန်းထူး(Cheif Officer MAERSK)
ချစ်မေမေ–ဒေါ်နီနီဝင်း(ရွှေမိပရိဘောဂတိုက်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်မိုးအောင် (Research Manager)
Compass Research Co.,Ltd.
နှင့်
မစုစုငယ် (Data Processing Manager)
Compass Research Co.,Ltd.

တို့၏ ၁–၁၁–၂၀၀၃(စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်တင့်ဆွေ(အငြိမ်းစား)နှင့်ဇနီး ဒေါ်ခင်စန်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေနှင့် ဇနီး ဒေါ်တင်တင်ထွေး၊ အခမ်းအနားတွင် တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိဧည့်ပရိသတ်များနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်ပြုပြင်ပေးသော မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယိုနှင့်ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့သားများ၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးသော စိမ်းမို့မို့နှင့် Aces တေးဂီတအဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် MSIM မှ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မိုးအောင် – မစုစုငယ်။

ပုဇွန်တောင်ဈေး၊ ဈေးချိုနှင့်အဆင့်မြင့်ဈေးမိသားစုတို့၏ (၂၅)ကြိမ်မြောက် (ငွေရတု)သဘင် မဟာဘုံကထိန်ပွဲတော် အထူးတရားပွဲကျင်းပမည်

အစီအစဉ်
၆–၁၁–၂၀၀၃ – တိပိဋကဓရ ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ (ယောဆရာတော်)
၇–၁၁–၂၀၀၃ – မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ
၈–၁၁–၂၀၀၃ – ဘဒ္ဒန္တနရပတိ – ဖြူးဆရာတော်ကြီးများ

နေ့စဉ် ည ၇:၀၀နာရီမှစတင်၍ ပုဇွန်တောင်ဈေးရှေ့ ဆားလင်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါသည်။

ငွေရတုမဟာဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၅–၁၁–၂၀၀၃ရက်တွင် ကျရောက်သော ချစ်သမီးလေး 'နွေးနွေးအိလွင်'၏ (၁)နှစ်မြောက်မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် ကျန်းမာ၊ ချမ်းသာစွာဖြင့် ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော ပညာတတ်သမီးရတနာလေး ဖြစ်ပါစေ---။

ဖေဖေ – ဦးခင်ဇော်နိုင်
မေမေ – ဒေါ်သင်းသင်းထိုက်
ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ တီတီများ။

FOREVER GROUP
Graphic & Special Effects Training
Professional Digital Graphics Design
Stunning Visual Effects for Digital Video
wwwArtist
နိုဝင်ဘာတန်းခွဲသစ်များ လက်ခံနေပါပြီ
No. 173 / 175 Pansodan Street , Kyauktada Township, Yangon.
Ph: 01 - 256265, 701180

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ ခြံအမှတ်(၈၁)နေ ဦးအေးမြင့်–ဒေါ်မြင့်မြင့်(ခ)ဒေါ်တင်မြင့်တို့၏ တစ်ဦးတည်းသောသား

မောင်ခင်ကျော်(ခ)သုဘဒ္ဒ B.Econ(Stat;)(Q)
နှင့်

မြင်းခြံမြို့၊ (၄)ရပ်ကွက်၊ အမှတ်(၃၇)နေ ဦးအောင်လှ–ဒေါ်သန်းရီတို့၏သမီး

မချောစုဝင်း B.Econ (Stat;) (Q)
Dip in Japanese (I.F.L)
နည်းပြ(ဂျပန်ဘာသာဌာန)၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

တို့၏ ၂၆–၁၀–၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဒေါ်စန်းစန်းဝင်း၊ မင်္ဂလာပန်းကုံး ချီးမြှင့်ပေးသော ဒေါက်တာစိုးဝင်း(ပါမောက္ခချုပ်)ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့်ဇနီး ပါမောက္ခ ဒေါ်မေစောလွင်(ဓာတုဗေဒဌာန)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးလှမြင့်ဖူး(အစီအစဉ်အရာရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး)နှင့်ဇနီး၊ ပါမောက္ခ ဒေါ်စီစီရိုန်(ဂျပန်ဘာသာဌာန)ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မင်္ဂလာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်ပြုပြင်ပေးသော ဒေါ်နီနီဝင်း (Creator)F.M.I Centre၊ ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော ကိုမြဝင်း(Rays)နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော အေးဇင်သုမောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မေသူခိုင်(ပို့ပို့)၊ သတို့သားအရံ မောင်ထက်ကျော်စိုးနှင့်သတို့သမီးအရံ မဖြူဖြူတင့်၊ မြရိပ်ညိုရွှင်ရယ်ဟိုတယ်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်ကျော်–မချောစုဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်–၃၀၁၊ မြနန္ဒာလမ်း၊ ကျောက်ကုန်းနေ ဦးချစ်ကိုကို(ငါးလုပ်ငန်းဦးစီးဌာန၊ငြိမ်း)–ဒေါ်အေးအေးမြင့်တို့၏သားကြီး

မောင်သန့်ဇင်ကိုကို B.Sc(Chemistry)
ဦးစီးအရာရှိ
(လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဌာန၊တောင်သာမြို့နယ်)
နှင့်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၁)၆၂လမ်း၊ အမှတ်တ–၄/၅၅နေ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)–ဒေါ်စန်းစန်းမြင့်တို့၏သမီးငယ်

မနီမာလွင် B.Sc(Q),M.Sc(M1)Zoology
လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ ချမ်းအေးသာစံမြို့နယ်

တို့သည် ၂–၁၁–၂၀၀၃ရက်နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်သန့်ဇင်ကိုကို–မနီမာလွင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၁)လမ်း၊ အမှတ်(၉၆)နေ ဦးကျော်လှိုင် – ဒေါ်ဝင်းမြင့်သန်းတို့၏ တစ်ဦးတည်းသောသား

မောင်သန်းထွန်းလှိုင် B.Sc(Chemistry)
Manager (SAI Khung Noung Co., Ltd)
နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၁)လမ်း၊ အမှတ်(၈၉)နေ ဦးခင်မောင်စန်း – ဒေါ်မြင့်မြင့်စန်းတို့၏ တစ်ဦးတည်းသောသမီး၊ မောင်ဇင်မောင်မောင်စန်း 1st M.B.,B.S(ဆေး–၂)၏အစ်မ

မခင်သီတာစန်း B.A°(English)
သိမ်ကြီးဈေး(ယမုံနာ)

တို့သည် ၂–၁၁–၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းထွန်းလှိုင် – မခင်သီတာစန်း။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

Congratulation to UPG on achieving ISO 9001:2000 Certificate.

United Paints Group Co., Ltd. သည် International Organization for Standardization (ISO) ၏ သတ်မှတ်ထားရှိသော (Quality Management System) နှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ခြင်းကြောင့် ISO 9001:2000 Certificate ကို ထိုက်တန်စွာလက်ခံရရှိသည့်အတွက် UPG မှ **Managing Director** ဖြစ်သူ ဦးအေးဟန်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ တိုးတက်အောင်မြင်၍ အမွှန်းတင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

UNICAN INDUSTRIES SDN. BHD.
JOHOR TIN FACTORY SDN. BHD.
JOHOR BAHRU, MALAYSIA.

M.A (Myanmar)

ကားစီးလုံးငှားသည်
CRANE
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်
538535,708569,
09-5002018

ဝင်လုံ ရတနာရွှေဆိုင်

09-80-23279

ခရသင်း၊ သမင်ဖြူ

Ph : 584238, 09 500 2063

ရွှေအိုးစည်
မြန်မာ့ရိုးရာ
အဆင့်မြင့်ဘုရားဖူးခရီးစဉ်
(TV.AIR CON,EXPRESS)

* အထက်မြန်မာပြည်အနှံ့ ဘုရားစုံဖူး(၁၀)ရက်ခရီးစဉ် (NOV.7,14,21)
  တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မန္တလေး၊ ပုဂံ၊ ပုပ္ပား
* တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ(၅)ရက် (NOV.7)
* ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ စွယ်တော် ၄ဆူ (၅)ရက် (NOV.7,14,21)
* မော်လမြိုင် ကျိုက္ခမီ၊ စက်စဲ၊ ကျိုက်မရော(၃)ရက်
* ချောင်းသာကမ်းခြေ(၃)ရက်
* ကျိုက်ထီးရိုး၊ သာမည(၃)ရက်

အမှတ်–၁၂၄၊ ပန်းဆိုးတန်းလမ်း၊ အနော်ရထာလမ်းမီးပွိုင့်အနီး၊ ရန်ကုန်၊ ဖုန်း–၃၇၃၂၇၅၊ ၇၀၈၃၄၂။

(ဆာဒူးကြီး)

၅ ပီသသာနှင့်အထက်မှာဝယ်ယူသူအားပေးသူတိုင်းအား အခမဲ့ အိမ်အရောက်ပို့ပေးနေပါသည်။

:226817,226834,681310,251230,660283,02-80227

နိုင်ငံတကာ အဆင့်မီ

ရွှေနန်းတော်

အာမခံ စိန်ရွှေရတနာဆိုင်

ဆိုင်ဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အထူးအစီအစဉ်

နိုဝင်ဘာ(၈)ရက်နေ့အထိ

အစိုးတန်ဆုမဲများစွာ ဆက်လက်ဖွင့်လှစ်ပေးပါမည်။

ကံထူးရှင်များစာရင်း

[illegible]

Golden Palace Diamond Card

နိုဝင်ဘာ(၈)ရက်နေ့အထိ

ဆက်လက်ပျော်လင့်ရော ကျန်ရှိနေသေးသည့်ဆုမဲကြီးများ

VCD Player (၁)လုံး

E-mail : ant@myanmar.com.mm Website : www.goldenpalacejewellery.com

TOP 243363 705877

ရွှေသယ်ဆိုင်

တိတ်စိန်ရွှေဆိုင်

ကိုခေါင်အောင်+မခင်းသူ

Admin Executive (Female) 2 Posts
Marketing Executive (Female) 3 Posts
Marketing Assistant (Female) 5 Posts
Graphic Designer (Male) 3 Posts
Operation Assistant (Male) 5 Posts

Ace Dragon Co.,Ltd.
Media Management & Insurance Services.

BUSINESS CONSULTANCY
ADVERTISING
PRINT / PRODUCTION
PRESS / MEDIA
MUSICAL / THEATRICAL
MERCHANDIZING AIDS
INSURANCE

ဝမ်းနည်းကြေကွဲခြင်း
ဦးစံသောင်း (၇၃)နှစ်

ဒေါ်အေးဆန်း (ဌာနခွဲလက်ထောက်၊ ညွှန်ကြားရေးဌာန)၏ ဖခင် ဦးစံသောင်းသည် ၁၀–၁၀–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး(ရေနံဓာတု)

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်း သယ်ယူပို့ဆောင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)သည် ၁–၁၁–၂၀၀၃နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်ရုံမှူးနှင့်ဝန်ထမ်းများ
အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)။

Presented by

ပုံရိပ်

teen magazine

14, November, 2003

ထွက်ပါပြီ

ဝမ်းနည်းကြေကွဲခြင်း
ကိုသိန်းထွန်း အသက်(၅၀)
M.Sc(Maths)

သူငယ်ချင်းခင်ဝင်းညွှန့် သူငယ်ချင်းရဲ့ခင်ပွန်း(ကိုသိန်းထွန်း)ကွယ်လွန်ကြောင်း ကြားရတဲ့အတွက် ကျန်ရစ်တဲ့သူငယ်ချင်းမိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

သိပ္ပံရှုန်သူငယ်ချင်းများ
ချိုကြီး၊ ငွေလင်း–ကြူကြူ၊ လဝင်း၊
ရှမ်းမကြီး၊ နာနီ၊ ဝင်းခိုင်၊ စန်းမွန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်ချမ်းသာ[၁၂/လသန(နိုင်)၀၂၀၃၄၁] သည် မိဘ၏ဆိုဆုံးမမှုကို မလိုက်နာဘဲမိမိသဘောဖြင့် အိမ်ပေါ်က ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)တာဝန်မယူပါ။

မိခင် ဒေါ်ရွှေစိန်
LLM–၀၃၆၅၈၅။

ချောင်းသာကမ်းခြေ

ခိုင်မှိုင်ဓာဘ

MYANMAR RYOKO

01-375822

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတွင် ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

- **အရောင်းတာဝန်ခံ** ကျား/မ (၃) ဦး
- **အရောင်းမန်နေဂျာ** ကျား/မ (၂) ဦး
- **ဈေးကွက်မန်နေဂျာ** ကျား/မ (၂) ဦး
- **ယာဉ်မောင်း** ကျား (၃) ဦး

အမှတ်စဉ်(၁)၊ (၂)၊ (၃)အတွက် ဘွဲ့ရပြီး၊ စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အမှတ်စဉ်(၄)အတွက် အနည်းဆုံးယာဉ်မောင်းသက်တမ်း(၃)နှစ်ရှိသူကို ဦးစားပေးခန့်ထားမည်။ ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။ အထက်ပါရာထူးများ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ အိမ်ထောင်စုစာရင်း၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံစသည်များ ဖော်ပြလျက် အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ်(၁၅၂/၁၆၀)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရေခဲစက်ရောင်းမည်

စလက်မ ၂လုံးထိုး လေမှုတ်စက် အင်္ဂလန်လုပ်(လက်ရှိအသုံးပြုနေသော) လျှော့ဈေးဖြင့်ရောင်းမည်။

Ph: 09 500 1203

Yan Aung

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသိန်းလွင်၏ နိုင်ငံကူးလက်မှတ်အမှတ် CM100116နှင့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အမြန်ဆက်သွယ်ပေးပို့ပါရန်။

ဖုန်း–၂၄၅၃၈၂၊ ၃၈၁၁၉၇။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၁၂၆၃ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးကိုကို နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/ဗဟန(နိုင်)၀၂၂၂၅၁]က မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၁၀)အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၆၇၀၆ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(ပြည်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ပြည်)။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်အောင်ထွဋ် [၁၂/သကတ(နိုင်)၁၃၂၄၂၃] သည် မိဘဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘအား ရိုင်းပျစွာ ဆက်ဆံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။

မိခင် – ဒေါ်လှလှထွေး
[၁၂/သကတ(နိုင်)၀၅၆၂၇၉]။

ကျေးဇူးတင်ရှိခြင်းနှင့်
တစ်လပြည့်အထိမ်းအမှတ်ပြုကောင်းမှုကုသိုလ်အစုစုအား
အမျှပေးဝေခြင်း
ဦးဝင်း (၆၃)နှစ်
ညွှန်ကြားရေးမှူး(အင်ဂျင်နီယာဌာန)မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

၂–၁၀–၂၀၀၃(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးဝင်းအတွက် ရည်စူး၍ သုံးဆယ်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ တစ်လပြည့် အထိမ်းအမှတ်အဖြစ် ၂–၁၁–၂၀၀၃နေ့တွင် ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှု ဒါနအစုစုနှင့် အခြားလှူဒါန်းရေးကိစ္စအဝဝတွင် အဘက်ဘက်မှ စီစဉ်ဆောင်ရွက် ကူညီပေးခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးနှင့် ရေနံမြေအသီးသီးမှ ဝန်ထမ်းများ၊ ၎င်းတို့၏ဇနီးမိသားစုများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် အနန္တ ကျေးဇူးရှင်ဖေဖေအားရည်စူး၍ ပြုလုပ်ခဲ့သည့် ကောင်းမှုကုသိုလ်အစုစုအတွက် ရေစက်ချလှူဒါန်းပြီး ဖြစ်ပါသည်။ ဤကောင်းမှုကုသိုလ်အစုစုကိုလည်း ဖေဖေ့အား အမျှပေးဝေပါ၏။ ရောက်လေရာ မြင့်မြတ်အေးချမ်းသည့်ဘုံဘဝမှ သိရှိပြီး သာဓုအနုမောဒနာ အကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။ ဖေဖေရေ အမျှ၊ အမျှ၊ အမျှ–

ချစ်ဇနီး –ဒေါ်လေးမိ၊ သားသမီး၊ မြေးများ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ချန္ဒရာ [၉/မကန(နိုင်)၁၀၀၅၂၃]သည် မိဘစကားနားမထောင်ဘဲ မိမိဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ၁၅–၁၀–၂၀၀၃ နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စများ လုံးဝတာဝန်မယူပါ။

မိခင် – ဒေါ်သန်းသန်းအေး(ခ)အမီနာ
[၉/မကန(နိုင်) ၀၄၂၇၇၉]။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဦးသင်း
အသက်(၈၉)နှစ်
အဖွဲ့ခွဲမှူး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးရုံး
ဂေါပကအဖွဲ့ဝင်(ငြိမ်း)၊ ဗိုလ်တထောင်စေတီတော်

ရန်ကုန်မြို့၊ တိုက်(၆၇)၊ အထက်ပုဇွန်တောင်လမ်းနေ (ဦးကြာခိုင်-ဒေါ်ငြိမ်းမယ်)တို့၏ သား၊ (ဒေါ်မြရီ)၏ခင်ပွန်း၊ ဦးစိန်သင်း-ဒေါ်လှလှမြင့်၊ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်သင်း၊ ဦးတင်ဝင်း-ဒေါ်ရီရီသင်း၊ (ဦးရန်အောင်)-ဒေါ်နီနီသင်း၊ (ဦးစိုးမြင့်)-ဒေါ်မြင့်မြင့်သင်း၊ ဦးမျိုးသင်း-ဒေါ်သဇင်၊ ဦးစိုးသင်း-ဒေါ်ခင်မာမြင့်၊ (ဦးကျော်သင်း)၊ ဦးဇော်သင်း-ဒေါ်မေမြင့်ထွန်းတို့၏ မွေးသဖခင်၊ မြေး ၁၉ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘိုး ဦးသင်းသည် ၄-၁၁-၂၀၀၃ ရက် ည ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းဆင့်
အသက်(၈၅)နှစ်

မုံရွာမြို့၊ ရတနာပုံရပ်၊ သာစည်လမ်းနေ(ဦးထွန်းဆင့်)၏ဇနီး၊ ဗိုလ်မှူးစန်းဝင်း(မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်သန့်သန့်စင်အောင်(ဌာနေကိုယ်စားလှယ်-Prominent Shipping Pte., Ltd.)တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်အုန်းဆင့် အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၀၃ရက် ည ၉:၁၅နာရီတွင် အထက်ပါနေအိမ်၌ ၉၆ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၃ရက် ညနေ ၃နာရီတွင် မုံရွာမြို့ ညောင်ပင်ရှည်သုသာန်တွင် ဂူသွင်း သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မေဆင့် (၈၃)နှစ်
(ရေစကြို)

ဦးမျိုးရှင်၏မိခင်ဖြစ်သူ ဒေါ်ခင်မေဆင့် အသက်(၈၃)နှစ်သည် ၁-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၄(ဘူမိဗေဒ)သူငယ်ချင်းများ။

ဦးချစ်ဘင် (၈၃)နှစ်
စာရင်းကိုင်ချုပ်(ငြိမ်း) BRGT ကုမ္ပဏီ (မြိတ်)

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ဗိုလ်တထောင်လမ်းသွယ်(၂)နေ ဒေါ်ကြင်မြူ၏ခင်ပွန်း၊ကိုဝင်းချစ်ဦး(ခေတ္တ-ဂျာမနီ)၊ ကိုဝင်းချစ်ခိုင်-မမေစီ၊ မဝင်းချစ်စန္ဒာ(စာတိုက်ကြီး၊ စာရွေးစာပို့၊ ငွေစာရင်း)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ PinKy ဝင်း၊ Queenie ဝင်းတို့၏ ချစ်ဘိုးဘိုးဦးချစ်ဘင်သည် ၃-၁၁-၂၀၀၃ ရက်တွင်မဟာမြိုင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။မြိတ်အသင်းမှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း(ခ)ဝေါင်ကျီတုတ်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ (၁၅)လမ်း၊ အမှတ်(၃၀)နေ ဦးဥဘဏ်-ဒေါ်မိတို့၏သား၊ ဦးကြီးမြင့်-ဒေါ်ညွှန့်စိန်တို့၏ညီ/မောင်၊ ဦးကျင်ငြိမ်း-ဒေါ်ကြည်ကြည်၊ ဦးရန်းစိန်-(ဒေါ်သန်းသန်းယု)၊ ဦးကျော်မိုး-ဒေါ်ခင်ခင်ဝင်း၊ ဦးလှသိန်း-ဒေါ်သန်းသန်းထွေးတို့၏အစ်ကိုသည် ၃-၁၁-၂၀၀၃ရက် ညနေ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်ခိုင် (၃၇)နှစ်
(ကျိုက်ထို/ပဲခူး)

ကျိုက်ထိုမြို့၊ တောင်သူစုရပ်နေ (ဦးခင်အောင်)-ဒေါ်လှကျင်တို့၏ သမီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ပန်းဘဲတန်းလမ်း၊ အမှတ်(၄၅)နေ (ဦးသန်းတင်-ဒေါ်ကျင်မြ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၈၂)၊ ရွှေဟသ်ာလမ်း၊ (၆)မိုင်ခွဲ၊ ဘောလုံးကွင်းအရှေ့နေ ဒေါ်မိမိသန်း၊ ဒေါက်တာဒေါ်စီစီသန်း(တွဲဖက်ပါမောက္ခ၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၊ ဒေါက်တာဒေါ်ရီရီသန်း၊ ဦးကျော်သန်း-ဒေါ်ဖြူဖြူဝင်း၊ ဦးတင်မောင်သန်း၊ ဦးပိုင်စိုး-ဒေါ်ခင်မြသန်း၊ ဦးမျိုးမြင့်-ဒေါ်စန်းမြို့၊ ဦးချိုဝင်း-ဒေါ်သင်းသင်းမာ၊ ဦးဝင်းငွေး-ဒေါ်ယဉ်ယဉ်အေး၊ ဦးငွေးဝင်း-ဒေါ်သန်းသန်းစိုးတို့၏ ညီမငယ်၊ ကိုသန်းဇော်-မချိုချိုခိုင်၊ ကိုဝေလင်းအောင်-မမိမိဆွေ၊ မနှင်းနှင်းချိုတို့၏အစ်မ၊ ပဲခူးမြို့နေ ဦးကျော်လွင်၏ ချစ်လှစွာသော ဇနီး၊ မောင်စိုးအံ့ဟိန်း [စတုတ္ထတန်း(ဆ)၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း]၊ မောင်အုပ်စိုးဟိန်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်မြင့်မြင့်ခိုင်(ခ)ခိုင်ခိုင်သည် ၄-၁၁-၂၀၀၃ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ရန်ကုန်မြို့၊ ရွှေဟသ်ာလမ်း၊ (၆)မိုင်ခွဲ၊ အမှတ်(၈၂)၊ ဘောလုံးကွင်းအရှေ့နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးဝင်းမောင်
အသက်(၅၆)နှစ်
အင်းဝမှန်စီရွှေချနှင့်ပန်းပုလုပ်ငန်း

ပျော်ဘွယ်မြို့၊ ခင်ကြီးယရွာနေ (ဦးရန်လင်း)-ဒေါ်အေးညွှန့်တို့၏ သား၊ ဦးတင်လှိုင်-(ဒေါ်မျိုး)တို့၏ သားသမက်၊ ဦးစံမြ၊ ဦးထွန်းအေး-ဒေါ်ကျင်မြ၊ ဦးချစ်ဆွေ-ဒေါ်နွဲ့ဝင်းတို့၏ မောင်၊ ဦးဝင်းရွှေမထူး၊ ဦးထွန်းရ-ဒေါ်ကြည်ကြည်မြင့်တို့၏ အစ်ကို၊ (ဒေါ်ကျင်လှ)၏ ချစ်လှစွာသော ခင်ပွန်း၊ မအေးအေးဝင်း(B.Sc, Chem;)၊(မောင်ထွန်းထွန်းဝင်း)၊ (ကိုဇော်ဇော်အောင်)၊ မဆွေဆွေဝင်း(2nd Year, Maths;)၊မနီနီဝင်း(2nd Year, Eng;)တို့၏ ချစ်လှစွာသော မွေးသဖခင် ဦးဝင်းမောင်သည် ၄-၁၁-၂၀၀၃ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(တောင်)၊ အောင်သပြေလမ်း၊ အမှတ်(၁၃/က)နေ ဦးသိန်းအောင်-ဒေါ်တင်ညွှန့်တို့၏ သား၊ (ဦးကျင်)-ဒေါ်ပုပ်တို့၏ သားသမက်၊ ဒေါ်ခင်ဝင်းကြည်၏ခင်ပွန်း၊ ဦးသန်းလွင်(RTC)၊ တပ်ကြပ်သန်းဝင်း-ဒေါ်သန်းသန်းငွေး၊ ဒေါ်အေးအေးစန်း၊ ဗိုလ်မှူးတင်ထွန်း-ဒေါ်အေးမြတ်မြတ်ဝင်းတို့၏အစ်ကိုကြီး၊ မောင်ဇော်လင်းအောင်(ကက-ငွေ)၊ မောင်ဇင်မောင်မောင်၊ မောင်ဇော်ဇော်ထွန်းတို့၏ ဖခင်သည် ၄-၁၁-၂၀၀၃ရက် နံနက်၇:၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောဂျွန် (၃၂)နှစ်
L Th (MICT) 1996
မြန်မာနိုင်ငံခရစ်ယာန်မွေ့တက္ကသိုလ်ကျောင်းသားဟောင်း

ပုသိမ်မြို့နေ ဦးစောရွှေလှ(ငြိမ်း-ဆသရ)-(နော်ခလယ်ဖော)တို့၏ သား၊ ဦးကျော်ထွန်းမောင်(ဓာတ်ခွဲမှူး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး) - နော်ဖောခလေးတို့၏ တူသား၊ သုဝဏ္ဏမြို့၊ ကောက်လျင်လမ်း၊ တိုက်(၁၅၅/၆)နေ ဦးစောနပိုလျံ၊ (ဆရာမနော်ချစ်မဖိုး)တို့၏သားသမက်၊ နော်အယ်ဝါး၏ ခင်ပွန်း၊ နော်အယ်ကနော့၊ စောအယ်ကလူတို့၏ ဖခင် စောဂျွန်သည် ၂-၁၁-၂၀၀၃ရက်တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ၁နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဝမ်ဖွေ (၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂၀)၊ (၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅)၊ သစ်ခွလမ်းမကြီး၊ FMI CITY၊ လှိုင်သာယာမြို့နယ်နေ [ဦးလက်ပွား(ခ)ဦးတန်ဘန်ဘွတ်]၏ ဇနီး၊ (ဦးရှောင်)-ဒေါ်အေး၊ ဦးငွေးလှိုင်-ဒေါ်ရင်ရီ၊ (ဦးမိုးမိုး)-ဒေါ်ခင်သန်းမြင့်၊ ဒေါ်စန်းစန်းဆွေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၇ယောက်တို့၏ အဘွား ဒေါ်ဝမ်ဖွေသည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၂၅လမ်းနေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဦးချစ်ဘင် (၈၃)နှစ်
မြိတ်အသင်းအလုပ်အမှုဆောင်
စာရင်းစစ်

ရန်ကုန်မြို့၊အမှတ်(၁၈)၊ဗိုလ်တထောင်လမ်းသွယ် (၂) လမ်းနေ ဒေါ်ကြင်မြူ၏ ခင်ပွန်း ဦးချစ်ဘင်သည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်နန်းရွှေသေး (၈၁)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ခရေ(၄)လမ်း၊တိုက်(၂၁)၊အခန်း(၀၀၁)နေ (ဦးအုံးကြာ-ဒေါ်မလုံး)တို့၏သမီး၊ (ဦးစောကြီးစိန်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အမက-၂၂၊ မရမ်းကုန်းမြို့နယ်)၏ ဇနီး၊ ဦးစိန်သောင်း-ဒေါ်နော်မြိုင်(အမှတ်-၃၊ အခြေခံပညာဦးစီးဌာန)၊ ဦးစောအောင်မြငွေ(ငြိမ်း၊ မရမ်းကုန်းမြို့နယ်ကျန်းမာရေးဦးစီးဌာန)၊ ဦးစောဝင်း(PK.Tea)-ဒေါ်နော်တင်သန်း(အထက-၂၊မရမ်းကုန်း)၊ ဦးဝေစိန်မောင်(ပြင်ဦးလွင်)-ဒေါ်နော်ခင်တင့် (အထက-၂၊ လှိုင်)၊ ဦးစောထွန်းရင်(Ks Glory Monsoon)-ဒေါ်နော်တင်ရီ(အထက-၂၊ မရမ်းကုန်း)၊ ဦးတိုးအောင်(ကွေ-၂)-ဒေါ်နော်သန်းမြင့်(အထက-၁၊ လှိုင်)တို့၏ မိခင်၊ မြေး၁၀ယောက်တို့၏ အဘွား ဒေါ်နန်းရွှေသေးသည် ၃-၁၁-၂၀၀၃(တနင်္လာနေ့) ည ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လုံးတင် (၇၄)နှစ်
(စစ်တွေ)

စစ်တွေမြို့နေ (ဦးကျော်ခိုင်-ဒေါ်အိမ်စိုး)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးခန့်-ဒေါ်နှင်း)တို့၏ချွေးမ၊(ဦးတင်ဦး၊လ/ထ ပစ္စည်းထိန်းမှူး၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား)၏ ဇနီး၊ ကိုလှငွေ-(ဒေါ်ခင်ခင်ဦး)၊ ဦးလှမင်းဦး-ဒေါ်သန်းသန်းငွေး၊ (ဦးကျော်ကျော်သန်း)-ဒေါ်စိုးစိုးဦး၊ ဦးမြင့်ဦး-ဒေါ်ခင်ထားဦး၊ (ဦးစောနိုင်ဦး)၊ ဦးခင်မောင်ဦး-ဒေါ်ပြုံးပြုံးရီ၊ (ဦးသန်းထွန်းဦး)၊ ဦးဝင်းမြတ်ဇော်-ဒေါ်မိမိဦး၊ ဦးလှငြိမ်းဦး-ဒေါ်ခိုင်ဆွေအေး၊ ဒေါ်တင်တင်ထွေးဦးတို့၏ မွေးသမိခင်၊ မြေး ၂၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃-၁၁-၂၀၀၃ရက် ညနေ ၅:၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက်(၄)၊အခန်း(၁၃)၊ကန်ဘဲ့မီးရထားရိပ်သာ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

မအိအိလှိုင် (၃၄)နှစ်
B.Sc (Phy)
သမဦးစီးဌာန၊ ဒေါပုံ

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အမှတ်(၄၅၅)၊ အောင်သပြေအနောက်၊ (၆)လမ်းနေ ဦးအေးလှိုင်(ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)-ဒေါ်ကြည်ကြည်(သမဦးစီးဌာန၊ သာကေတ)တို့၏ သမီးကြီး၊ မောင်သန်းထွန်းလှိုင်(ရုပ်ရှင်လုပ်ငန်း)၊ မမိမိလှိုင်(စာရင်းစစ်ချုပ်ရုံး)၊ မသက်သက်လှိုင်(အရှေ့ပိုင်းတက္ကသိုလ်)တို့၏ အစ်မ၊ မောင်သော်ဟိန်းနိုင်ဦး (အထက-၂၊ သတ္တမတန်း၊ သာကေတ)၊ မဖြူငြိမ်းသွယ်(အမက-၇၊ စတုတ္ထတန်း)တို့၏ မွေးသမိခင်သည် ၄-၁၁-၂၀၀၃ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်လှမြင့် (၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၂)နေ (ဦးစံ-ဒေါ်သင်)တို့၏ သမီး၊ ဒေါက်တာမောင်မောင်အေး-(ဒေါ်မြမြသန်း)၊ (ဦးစံမြင့်)-ဒေါ်ယဉ်မြင့်တို့၏အစ်မ၊ (သစ်တောပါမောက္ခဦးခင်မောင်အေး)၏ဇနီး၊ ဦးခင်မောင်စိုး၊ (ဦးခင်မောင်တိုး)၊ ဦးဝင်းထိန်-ဒေါ်မြင့်မြင့်အေး(အလက-၁၁၊အင်းစိန်)၊ ဦးခင်မောင်မိုး(လျှပ်စစ်)၊ ဦးခင်မောင်ထွဋ်တို့၏ မိခင်၊ မမေသဲဦး(မြန်မာ့သစ်လုပ်ငန်း၊ ရုံးချုပ်၊ သစ်ထုတ်ရေး)နှင့် မြေး ခုနစ်ယောက်တို့၏အဘွားသည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘထွန်း (၉၆)နှစ်
(တောင်သာ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၈)၊ (၅လွှာ/B)၊ (၁၆၅)လမ်းတိုနေ (ဒေါ်ငွေမြိုင်)၏ခင်ပွန်း၊ တောင်သာမြို့နေ (ဦးခင်မောင်)၊ (ဦးညွှန့်မောင်)၊ ဒေါ်စန်းမြင့်၊ ဒေါ်ထွေးရီ၊ ဒေါ်ထွေးကြည်၊ ဒေါ်ခင်ပုပု၊ ရန်ကုန်မြို့နေ ဦးညွှန့်အောင်၊ ဦးဖိုးသာအောင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၃၅ယောက်၊မြစ် ၁၇ယောက်တို့၏ အဘိုးသည် ၃-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဇရပ်၊ ရဟန်း
ကျောင်းအမကြီး
ဒေါ်ငွေစိန် (၈၇)နှစ်
(လမ်းမတော်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၁၇၂)၊ လမ်းမတော်လမ်း၊ မြေညီထပ်နေ (ဦးဖိုးကွမ်း-ဒေါ်စိမ်းရင်)တို့၏ သမီး၊ [အန်ဂွမ်ငေါ်(ခ)ဦးအုန်းမောင်]၏ ချစ်လှစွာသောဇနီး၊ (ဦးစိန်ငွေ-ဒေါ်တင်နု)၊ ဦးထန်လှိုင်-ဒေါ်ခင်တီး၊ (ဦးဝင်းနိုင်)-ဒေါ်ကြည်အေး၊ (ဦးသိန်းထွဋ်)-ဒေါ်တင်တင်ဝင်း၊ ဦးမော်စီ-ဒေါ်အေးမိစံ၊ ဦးစိုးမြင့်-ဒေါ်မြရီ၊ (ဦးစိုးဝင်း)တို့၏ မွေးသမိခင်၊ မြေး ၂၆ယောက်၊ မြစ် ၂၇ယောက်၊ တီတစ်ယောက်တို့၏ အဘွားသည် ၃-၁၁-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတက်တင်း (၇၈)နှစ်
ကုန်သွယ်/လယ်ယာ
(အုန္တဲ)

အုန္တဲကျေးရွာနေ (ဦးဘဖေ-ဒေါ်စောရင်)တို့၏သား၊ (ဒေါ်ကြီးခင်)၏ခင်ပွန်း၊ ဦးမြသန်း(ပြည်ထဲရေး) - ဒေါ်ကြည်ရှင်(မွေး/ရေ၊ အငြိမ်းစား)၊ ဦးကျော်သန်း(ဆောက်လုပ်ရေး၊ငြိမ်း)-(ဒေါ်အေးသစ်)၊ ဦးအေးသွင်(Myanmar Posco Steel)-ဒေါ်အေးသန်းတို့၏ ဖခင်၊ မောင်ရဲမင်းဦး(ဘခရေ၊ ငွေစာရင်း)၊ မောင်ကျော်မင်း-မသင်းသင်းဆွေ၊ မောင်ရဲဇော်ခိုင်(MIT)၊ မောင်ဇော်ဝင်းခိုင်(M.Y.G)၊ မောင်ဇော်မျိုးခိုင်၊ မသီတာအေး၊ မဆုမြတ်အေး(ထ-၂၊ စမ်းချောင်း)တို့၏ အဘိုး၊ မခိုင်သဇင်နွယ်၏ဘေးသည် ၄-၁၁-၂၀၀၃ (အင်္ဂါနေ့) နံနက် ၄:၁၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်း၊ အမှတ်(၂၂)နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးသောင်းတင် (၃၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ်(၉၀၁)နေ (ဦးဘလွင်-ဒေါ်ကြင်)တို့၏ သား၊ ဦးကြီးမောင်-ဒေါ်ကြင်ဥတို့၏ သားသမက်၊ ဦးအောင်ဇော်သင်း-ဒေါ်ချိုချိုလွင်(လှမေတ္တာ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး)၊ ဦးစိုးနိုင်-ဒေါ်ကြည်ကြည်လွင်တို့၏ မောင်၊ မရီရီမော်၊ မသီရိလွင်တို့၏ အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၇)လမ်း၊ အမှတ်(၈၇၆/ဂ)နေ မညွှန့်ညွှန့်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နိုင်ဗိုလ်ဗိုလ်လွင်(VIII-A၊ ထ-၁၊ တောင်ဥက္ကလာ)၏ ဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေး ဦးသောင်းတင်သည် ၄-၁၁-၂၀၀၃ရက် နံနက် ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဦးမြသူ (၈၅)နှစ်
(စစ်တွေ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၄၂)မကြီးကြီးလမ်းနေ (ဦးကျော်ထွန်းအောင်၊ REO-ဒေါ်မမြ)တို့၏ သမီးကြီး၊ ဦးဘထွန်း၏ ဇနီး၊ (ဦးအောင်မြသာ)၊ (ဦးအောင်ကျော်မြ) - ဒေါ်တင်လှ၊ (ဒေါ်လှမြသိန်း)၊ ဒေါ်သန္တာ-(ဦးထွန်းမြအောင်)၊ (ဦးအောင်မြသာ)၊ (ဦးအောင်ထွန်းသာ)-ဒေါ်ကျင်မြိုင်၊ ဒေါ်ရွှေမြသူ-(ဦးအောင်ကျော်ဇံ)၊ ဒေါ်အေးခိုင်ဇံ-(ဦးအောင်ရွှေဦး)၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ဆွေ၊ ဒေါ်သာနှင်းအေးတို့၏ အစ်မကြီး၊ ဒေါ်တင်တင်နု(ဒဂုံမြို့နယ်၊ ပ-တ-ခ)-(ဦးမောင်မောင်ဦး)၊ ဒေါ်ယဉ်ယဉ်အေး(ကပရ၊ ဘုရင့်နောင်)-ဦးချစ်သိန်း(စခန်းမှူး၊ ငြိမ်း၊ သတင်းတပ်ဖွဲ့)၊ ဦးအောင်ကျော်သိန်း(ဖိုးလပြည့်ကုမ္ပဏီ)-ဒေါ်စံပယ်၊ ဦးရွှေသိန်း(Ex.R.O)တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညီပု အသက်(၇၀)
B.Sc (Sereculture)
ညွှန်မှူး(ငြိမ်း)
စက်မှု(၁)၊ အိမ်သုံး/ဆေးဝါး

မန္တလေးမြို့နေ (ဦးဘရင်-ဒေါ်လှရင်)တို့၏သား၊ (ဦးဘကြင်-ဒေါ်ခင်ခင်ကြီး)တို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်ကြင်(တွဲဖက်ညွှန်မှူး၊ ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဒေါ်အုန်းမြင့်၏ မောင်၊ ဦးအောင်ကြူ-(ဒေါ်မြစိန်)၊ ဦးထွန်းဝင်း(စလေခတ်မြေသြဇာ) - ဒေါ်တင်တင်ဝင်းတို့၏ အစ်ကို၊ ဦးညီညီယဉ် (C/E Univan Shipping)-ဒေါက်တာမေသီတာဝင်း(ဆေး-၁)၊ (ဦးညီညီကြင်)၊ မောင်နေအောင်တို့၏ ဖခင်၊ မနေခြည်ခင်၊ မကြာညိုယဉ်၊ မောင်လင်းထွဋ်ဦးတို့၏အဘိုး ဦးညီပုသည် ၂-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၃၄၇)၊ ဇေယျာခေမာလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

မောင်သိမ်းပိုင်မြင့်(ခ)ပိုင်ပိုင်
အသက်(၃၀)
ဒုတိယနှစ်(မြန်မာစာ)
(ကော့သောင်း)

ကော့သောင်းမြို့နေ (ဦးလှမောင်)-ဒေါ်စိန်ကြည်၊ ဦးတင်ဟုိ(အကောက်ခွန်ကိုယ်စားလှယ်)-ဒေါ်ခင်ပန့်တို့၏မြေး၊ ကော့သောင်းမြို့၊ အမှတ်(၁၉၇)၊ မေတ္တာမွန်လမ်း၊ ဘုရင့်နောင်ရပ်ကွက်နေ ဦးဝင်းမြင့် (အကောက်ခွန်ကိုယ်စားလှယ်)-ဒေါ်ဖြူဖြူဝင်းတို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးကျော်ရိန်)-ဒေါ်မာဂရက်တို့၏ သားသမက်၊ မနီလာကျော်ရိန်၏ခင်ပွန်း၊ မဖြူစင်သိမ်းပိုင်မြင့်၊ မောင်ဇေယျာသိမ်းပိုင်မြင့်တို့၏ ဖခင်၊ ကိုကျော်လွင်-မအိသူဇာမြင့်၊ မောင်နေလင်းမြင့်တို့၏အစ်ကို၊ ဦးသောင်းတင်-ဒေါ်စန်းကြူ၊ ဦးသန်းထိုက်(လက်ထောက်ညွှန်မှူး၊ နယ်စပ်ကုန်သွယ်ရေး)-(ဒေါ်စန်းမူ)၊ ဦးသိန်းအောင်-ဆရာမဒေါ်မိုးမိုးခင်(အထက-၁၊ ကော့သောင်း)၊ ဦးအောင်ဝင်း၊ ဦးဗကို(အကောက်ခွန်ကိုယ်စားလှယ်)၊ဦးတောက်ထွန်း - ဒေါ်ချိုချို၊ ဦးကိုကိုထွေး-ဒေါ်စမ်းစမ်းအေး၊ ဦးရွှေလှိုင်-ဒေါ်ခင်ဝင်း၊ ကိုဆွေမြင့်၊ ကိုသောင်းမြင့်-မမြစိန်၊ ကိုဇော်မြင့်-မခင်ပုလဲတို့၏တူသည် ၂-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့၊ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒမဟာထေရ်
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်
ခလောက်နို့၊ အုန်းတပင်ကျောင်းတိုက်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖွဲ့ကပင်ဘုရားရှေ့ခြမ်း ခလောက်နို့၊ အုန်းတပင်ကျေးရွာ၊ အုန်းတပင်ကျောင်းတိုက်၏ ပဓာနဦးစီးနာယက ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ မဟာထေရ်သည် (၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်) ၂-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၄:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်၏တပည့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ရေဝတ
ဦးစီးပဓာန နာယကဆရာတော်
သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၄)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မစိုးရိမ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၏ ညီတော်၊ လေးထောင့်ကန်စံပြကျေးရွာ၊ ရွှေနံ့သာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ မဟာရန်ကုန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ရေဝတသည် (၁၃၆၅ခု၊ တန်ဆောင်မုန်းလဆန်း ၃ရက်) ၂၇-၁၀-၂၀၀၃ (တနင်္လာနေ့) ညနေ ၅:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်) ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဦးတင်ဝင်း (၆၈)နှစ်
ကြေးမုံသတင်းထောက်

ဒေးဒရဲမြို့နေ (ဦးစံကြည်-ဒေါ်လေးတင်)တို့၏သား၊ ဦးအောင်ခင်၊ ဦးတင်ထွဋ်တို့၏ အစ်ကို၊ ဒေါ်သက်သက်ဦး၊ ဦးအောင်နိုင်ထူး(M.P.P.E)- ဒေါ်နီနီခင်၊ ဒေါ်အေးအေးဝင်း၊ ဦးနေထွန်းအောင်-ဒေါ်ချိုချိုဝင်း၊ (ဦးတင်မောင်ထွေး)၊ (ဦးမျိုးဝင်းကြည်) တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ယောက်တို့၏ အဘိုးသည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၄)လမ်း၊ အမှတ်(၁၁၄၃/က)၌ ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်(ခ)ဦးအောင်တင်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာနေ (ဦးမောင်မော်-ဒေါ်ခင်လှ)တို့၏ သား၊ ဦးလှိုင်သင်း-ဒေါ်ကံတို့၏ သားသမက်၊ ဦးတင်လှိုင်-ဒေါ်လှလှ၊ (ဦးမြင့်မောင်-ဒေါ်မြင့်ကျင်)၊ ဦးကျော်မြင့်-ဒေါ်တင်ဝင်း၊ ဦးဝင်းဖေ-ဒေါ်မြမြလွင်၊ ဦးစိန်ဖူး-ဒေါ်ထားရီ၊ (ဦးစိုးလှိုင်)-ဒေါ်ထွေးရီ၊ ဦးစိုးမောင်-ဒေါ်မေမေခင်တို့၏ ညီ/မောင်၊ ဒေါ်စန်းစန်းနိုင်၏ ခင်ပွန်း၊ မောင်မော်မော်သူ၊ မောင်အောင်ခိုင်၊ မပိုးဖြူခင်တို့၏ ဖခင်သည် ၄-၁၁-၂၀၀၃(အင်္ဂါနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Helen Dim Ngaih Lian
အသက်(၄၁)နှစ်
Tonzang/Kalaymyo
(YCCF)

ကလေးမြို့၊ ၃/၁၂-ပင်လုံရပ်ကွက်နေ (Pu Go Cin-Pi Vial Ngaih Cing) တို့၏သမီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံပလာဇာ C-4/02 နေ Pu Mang Za Lian-Pi Ngai Za Enတို့၏ တူမ၊ (Nu Angela Niang Go Cing- Pa Khup Do Dal)၊ Nu Daisy Don Kho Ciin- Pa Tin Pe၊ Pa Pum Za Dal- Nu Nian Zam Cing (မူ/အုပ်)၊ Nu Louisa Go Lam Ciin-Pa Dominic Lian Za Pau၊ (Nu Niang Khan Suan-Pa Hau Lian Thang)၊ Nu Rosa Vung Zam Mang- Pa Victor Do Suan Lian (Uniteam)၊ Lia Theresa Dai Khan Niangတို့၏ ညီမ၊ Lia Cim Lam Man ၏အစ်မ၊ Lia Helen Dim Ngaih Liah သည် ၂-၁၁-၂၀၀၃ရက် ည ၁၀:၃၀နာရီ၌ ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅-၁၁-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် Our Lady of Fatima Church အမှတ်(၂၉၂/ဘီ)၊ ပြည်လမ်း၊ စမ်းချောင်း၊ မြေနီကုန်း၌ မိစ္ဆာယဇ်ပူဇော်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသက်ဝင်း
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းခြံတန်းလမ်း၊ အမှတ်(၇၄)နေ (ဦးအေး ဝင်း)-ဒေါ်သန်းရီတို့၏ သား၊ ဒေါ်သိန်းညွှန့်၏ ခင်ပွန်း၊ မသက်စုမွန်(2nd MB, ဆေး-၁)၊ မအေးမွန်ဝင်း(ပ-နှစ်၊ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်)တို့၏ ဖခင်၊ ဗိုလ်မှူးကြီးညိုဝင်း-ဒေါ်အေးမြင့်စိုး၊ ဦးချိုဝင်း(နိုင်ငံခြားရေး)-ဒေါ်သင်းသင်းအောင်၊ ဒေါ်သူဇာဝင်း(စက်မှု/အထည်)၊ ဦးသန်းဝင်း-ဒေါ်နန်းသင်းသင်းကြည်တို့၏ အစ်ကိုကြီးသည် ၃-၁၁-၂၀၀၃ (တနင်္လာနေ့) နံနက် ၉:၂၅နာရီတွင် ကွယ်လွန်ပါ၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်မျိုး(ဘော့စတော့)
အသက်(၄၃)နှစ်
(ဝါးခယ်မ)

ဝါးခယ်မမြို့၊ စာရေးကုန်းရပ်နေ နယ်ပိုင်ကြီး ဦးထွန်းမောင်၊ ဒေါ်စောညွှန့်၊ ဦးဘသိန်း၊ ဒေါ်အေးတင်တို့၏ မြေး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၁၁၀)၊ အခန်း(၅)နေ (ဦးသိန်းအောင်၊ ဝါးခယ်မ)-ဒေါ်တင်မေတို့၏ သားကြီး၊ ဦဝင်းသိန်းဦး(MTM)- ဒေါ်ဆွေလင်းထိုက်၊ ကိုငွေးဝင်း(ရွှေဝါထွန်းဟိုတယ်၊ ပဲခူးမြို့)၊ မမြင့်မြင့်သန်း(ခ)ရှုမငြိုးတို့၏ အစ်ကိုကြီး၊ မောင်ဇေယျလင်း(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်လင်းလဝန်းတို့၏ ဘကြီး၊ ဦးခင်မောင်မျိုးသည် ၄-၁၁-၂၀၀၃ (အင်္ဂါနေ့) ည ၁:၃၅နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မဟာဗန္ဓုလလမ်းနေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဇော်သန်း(ခ)ဇော်ကြီး
အသက်(၄၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၅၂၃)နေ (ဦးအောင်သန်း)-ဒေါ်စန်းတို့၏သား၊ ဦးညွှန့်သိန်း(TSC၊ ငြိမ်း)၊ ဦးထွန်းညွှန့် (မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်ငွေးငွေးမြင့်၊ ဒေါ်မမကြီး(အထက-၄၊ အင်းစိန်)၊ ဦးကျော်သန်း(ဌာနစုမှူး၊ မက်သနော၊စက်ရုံ၊ ငြိမ်း)-ဒေါ်လွင်လွင်စိန်တို့၏ ညီ/မောင်၊ ဦးဇော်ထွန်း - ဒေါ်ခင်သန်းဝင်းတို့၏ အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေးသည် ၄-၁၁-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၀၃(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေ့ဝါဝပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်း ရှေ့ဝါဝပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပုဂံသောင်ဦးသို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နံနက် စနာရီခွဲတွင် အင်းလျားကန်သာ နိုင်ငံတော် အိမ်တော်သို့ သွားရောက်ပြီး ည့ေသည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေ့ဝါဝပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ည့ေသည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေ့ဝါဝပ်အား အမှတ်တရ လက်ဆောင်ပစ္စည်း၊ ရန်ကုန်မြို့ခရီစဉ် ဓာတ်ပုံအယ်လ်ဘမ်နှင့် မှတ်တမ်းတင်မိစီဒီ တို့ကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား ည့ေသည်တော်ဒုတိယသမ္မတက အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

စာမျက်နှာ ၂ ကော်လံ ၁ သို့ ✪

အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်း မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမြတ်သည့်ပတ်ဝန်းကျင်ကို ဖန်တီးပေး ပါရင့်အနုပညာရှင်ကြီးများ ဦးဆောင်မှုနောက်တွင် မျိုးဆက်သစ်လူငယ်များ မှန်ကန်စွာလိုက်ပါနေ

ရန်ကုန် နိုဝင်ဘာ ၄

ဧကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဧကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဧကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်ပြိုင်တော်ဝန်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

ဧကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (ကြေးမုံ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ရန်ကုန်မြို့မှ ပုဂံသောင်ဦးသို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော ည့ေသည်တော် အိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်း ရှေ့ဝါဝပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား၊ မြန်လည့်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧကော်မရှင်ဖွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ ဗီဇာဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ

၁၉၇၃၅၅